# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၆) ရက် ၊ သောကြာနေ့ ၊ (26-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၅ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ရာသီဥတုမျှတစေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပေး

"ဥတုရာသီ တောကိုမှီ"ဆိုသည့်အတိုင်း နေ့စဉ် မိုးလေဝသအခြေအနေများ၊ နှစ်အလိုက်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုအခြေအနေများသည် သစ်တော၊ သစ်ပင်များအပေါ် များစွာတည်မှီလျက်ရှိပေသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်တော၊ သစ်ပင်များက စုပ်ယူပြီး ရာသီဥတုမျှတကောင်းမွန်လာစေရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရေးကိုလည်း အထောက်အကူပြုလျက်ရှိပေသည်။ ထို့ကြောင့် သစ်တော၊ သစ်ပင်များတိုးပွားဖြစ်ထွန်းလာစေရန်အတွက် သစ်ပင်များကို စိုက်ပျိုးပေးကြရမည်ဖြစ်ပေသည်။

သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူပြုစေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း အကြိမ် ၄၀ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၈၈၂၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ပေသည်။

အလားတူ ဇူလိုင် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးလည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ စုစုပေါင်းသစ်ပင် ၁၆၂၅၂၀ ကို စိုက်ပျိုးခဲ့ကြသည်။

မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် ကျေးရွာမြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက်သင့်တော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးရန်၊ သစ်ပင်များထိန်းသိမ်းရန်၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည့် သုံးနှစ်တာကာလအတွင်း ကြိုးပြင်ကာကွယ်တော ၄၁ ခု၊ ဧရိယာဧက ငါးသိန်းခြောက်သောင်းကျော်(၅၆၀၇၉၇ ဒသမ ၅၇ ဧက)နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၄ ခု၊ ဧရိယာဧက ငါးသိန်းကိုးသောင်းကျော်(၅၉၀၀၁၅ ဒသမ ၁၃ ဧက) စုစုပေါင်းဧရိယာ ဧက ၁ ဒသမ ၁၅ သန်းကျော်(၁၁၅၀၈၁၂ ဒသမ ၇ ဧက)ကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ်ခြောက်ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည်လည်း ထာဝရကုသိုလ်တစ်ပါးဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကိုရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးကိုလည်း ရရှိနိုင်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်၊ သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိပေသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်လှပစေရေး၊ ရာသီဥတုပြန်လည်မျှတကောင်းမွန်စေရေးအတွက် ပြည်သူများအနေဖြင့်လည်း မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ၃၁ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၃၁ ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာ ရေစက်ချအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စည်ပင်သာယာရေးရာဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များကို ဝါဆိုသင်္ကန်း၊လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီးနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မြေပဲဆီ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မြေပဲဆီ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက မြေပဲဆီ ပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း မြေပဲဆီ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချခဲ့သည့်မြေပဲဆီများသည် ဒေသထွက်ဆုံဆီများဖြစ်ကြောင်း၊ အဆိုပါမြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသကထွက်တဲ့ လယ်ယာထွက်ကုန်အစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကိုအဓိကတင်ပို့ရောင်းချနေတာပါ။ ဇွန်လအတွင်း မြေပဲဆီ ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့မြေပဲဆီတွေက နွေကာလတုန်းက ဝယ်ယူသိုလှောင်ထားတဲ့ဆီတွေဖြစ်ပါတယ်။ ဒေသထွက်မြေပဲဆီတွေကို ပြည်တွင်းမှာစားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်"ဟု ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးဆိုင်ကယ်များ ဝယ်ယူမှု များလာကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ်များကို လူငယ်အများစု စိတ်ဝင်စားပြီး အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြော ကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ သိန်း ၄၀ ခန့် ဈေးရှိကြောင်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်ဈေးရှိကြောင်းသိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅သောင်းမှ သိန်း၂၀ ခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၂၅ သိန်း ၅သောင်းထိရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှု နည်းနေပြီး ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ် ရှိနေသေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားထဲမှ တိုယိုတာဝှစ်ရှ်၊ တိုယိုတာကလူဂါ၊ တိုယိုတာရက်တစ်ဖ်၊ တိုယိုတာဗစ်ဇ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာဘယ်လ်တာကားလေးများ အရောင်းအဝယ်ရှိနေပြီး ငွေကျပ် သိန်း ၃၅၀ နှင့်အထက် ဈေးပေါက်နေကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၁၈၀ ကြား ကားများ အရောင်းအဝယ်ရှိနေကြောင်း၊ လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ် သိန်း ၅၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့်ပေါက်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀ ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် ကြက်တည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်တည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၄၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြက်တည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၂ ဦးကို ငွေကျပ် ၃၃၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၀၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်နွယ်နီမိသားစုက ဒေါ်ခင်အေးမူ၊ ဦးကြည်-ဒေါ်စန်းပြည့်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချမ်းနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၆၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၅၆၇ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၉၇၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၂၇၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၇၀၊ ပုလဲမြို့နယ်တွင် ၁၂၅ ဧက စုစုပေါင်း ၅၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ဝါသီးနှံ ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ဝါသီးနှံ စိုက်ပျိုးရာမှာ မလှိုင်ဝါ၊ မိုးကြို့ချည်မျှင်ရှည်ဝါ၊ မိုးချည်မျှင်ရှည်ဝါ၊ မိုးနှောင်းချည်မျှင်ရှည်ဝါတွေ စိုက်ပျိုးကြပါတယ်။ ဝါသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ဒီနှစ်မှာလဲ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၅၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၀၅၀၊ ကနီမြို့နယ်တွင် ဧက ၃၂၇၀၊ ပုလဲမြို့နယ်တွင် ၁၈၅၅ ဧက စုစုပေါင်း ၉၇၀၅ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿ ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထန်းတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၅**


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက ငါးပြေမ ပိဿာချိန် ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးပြေမပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က ငါးပြေမတွေအပါအဝင် ဒေသထွက်ကုန်မျိုးစုံ ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ ဝယ်ယူမှုအားကောင်းပြီး ဈေးနှုန်းကတော့ ပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ အခြားဒေသထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့အများဆုံး တင်ပို့ခဲ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမနှစ်မျိုး ထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ငါးပြေမသည် ဈေးကွက် အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဦးသန့်စာကြည့်တိုက်၊ ပြတိုက်နှင့် မြတောင်ဆရာတော် အရှင်ကုမာရ(ပန်းတနော်)

❖ ဆရာတော်သည် ဘာသာ၊ သာသနာအရေးအတွက် စာဝါများ သင်ကြားပို့ချခြင်းအပြင် စာပေမျိုးစုံရေးသား နေသူဖြစ်သောကြောင့်လည်း ပန်းတနော်မြို့သား စာရေးဆရာလည်းဖြစ်ခဲ့သော ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်ဖြစ်ပေါ်ရေးကို အစဉ်တစိုက်ကြိုးစားနေခဲ့သည်။ ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်နာယကအဖြစ်တာဝန်ယူပြီး မြေနေရာရရှိရေး၊ ခွင့်ပြုချက်ရရှိရေးတို့ကိုကြိုးစားကာ ပန်းတနော်မြို့အဝင် မြို့ကွက်သစ်(၁)၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိနေရာ၌ အလျား ပေ ၄၀၊ အနံ ပေ ၁၂၀၊ အကျယ် သုည ဒသမ ၁၁၀ ဧကမြေကွက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် သံဃာအပါး ၈၀ ကျော်တို့ဖြင့် မြေသန့်မင်္ဂလာကျင်းပခဲ့ကြသည်။ ❖

ဦးသန့်စာကြည့်တိုက်နှင့်ပြတိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် မေ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေး၌ကျင်းပခဲ့ရာ ဦးသန့်စာကြည့်တိုက်အတွက် ခရိုင် ရှစ်ခရိုင်မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ စာအုပ်စင် ရှစ်စင်နှင့် ငွေကျပ် ၆၅ သိန်းတန်ဖိုးရှိသည့် စာအုပ်စာစောင်များ၊ စာကြည့်တိုက်အဆောက်အအုံသစ်တစ်လုံးတည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၁၅၀ နှင့် စာအုပ် ၁၀၀၀ ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသည့် စာအုပ်စာစောင်များ၊ DTHစလောင်းတစ်စုံ၊ Set Top Box သုံးလုံးနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှလှူဒါန်းသည့် စာအုပ် ၃၀၀ ကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှလှူဒါန်းသည့် စာအုပ်များကိုလည်းကောင်း၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းကို ၂၀၂၄ ခုနှစ် မေ ၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖတ်ရှုရသောအခါ စာပေသမား၊ စာရေးဆရာတစ်ယောက်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာခဲ့ရသည့်အပြင် ပိုမို၍လည်း စိတ်ဝင်စားသွားခဲ့ရသည်။

အကြောင်းမှာမူ **"မြန်မာကို ကမ္ဘာကသိစေခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးစွမ်းဆောင်ရှင်၊ ကမ္ဘာ့ခေါင်းဆောင် ဦးသန့်ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ်ဖွင့်လှစ်သည့် စာကြည့်တိုက်နှင့်ပြတိုက်ဖြစ်သည့်အပြင်"** ဖွင့်လှစ်ပွဲတွင် မြတောင်ကျောင်းတိုက်ဆရာတော် စာရေးဆရာအရှင်ကုမာရ(ပန်းတနော်)က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဩဝါဒစကား မိန့်ကြားသွားခဲ့သောကြောင့်ပင်တည်း။

စာရေးသူစိတ်ဝင်စားနေဆဲမှာပဲ စာပေမိတ်ဆွေ ဦးအေးဝင်းက စာအုပ်များလာရောက်အလှူခံခဲ့သည့်အပြင် ပန်းတနော် မြတောင်ကျောင်းသို့ပါ လိုက်ခဲ့ပါရန် မေတ္တာရပ်ခံလာသောကြောင့် ၂၀၂၄ ခုနှစ် မေ ၁၈ ရက်နေ့ နံနက်တွင် ပန်းတနော်မြို့ မြတောင်ကျောင်းသို့ ရောက်ခဲ့ကြသည်။

ထိုနေ့က စနေနေ့ဖြစ်သဖြင့် သီတဂူမြေမေတ္တာ ဆေးခန်းဖွင့်လှစ်ရက်နှင့်ကြုံသဖြင့် ကျောင်းဝင်းအတွင်းတွင် မျက်စိကုဝေဒနာရှင်များနှင့် လိုက်ပါပို့ဆောင်ကြသူများ အပြည့်ရှိနေကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ မျက်စိဝေဒနာရှင်များ မျက်စိကုသမှုခံယူနေကြကြောင်း၊ မြတောင်ကျောင်းတိုက်၏ ပရဟိတလုပ်ငန်းကို စတင်သိခဲ့ရသည်။ သီတဂူမြေမေတ္တာဆေးခန်းဖွင့်လှစ်ခဲ့သည်မှာ ၂၅ နှစ်ပြည့် ငွေရတုခရီးသို့ပင် ရောက်ခဲ့လေပြီ။

မြတောင်ကျောင်းတိုက်၊ ဒုတိယနာယကဆရာတော် စာရေးဆရာအရှင်ကုမာရ(ပန်းတနော်) သက်တော် ၇၅ နှစ်ထံ ရောက်ရှိဖူးမြော်ကန်တော့ပြီး မေးမြန်းလျှောက်ထားကြတော့မှ **"မြတောင်ကျောင်းတိုက်"**အကြောင်းနှင့် **"ဦးသန့်စာကြည့်တိုက်နှင့်ပြတိုက်"**ဖြစ်ပေါ်လာပုံအလုံးစုံကို သိခဲ့ကြရသည်။

**မြတောင်အစ မန္တလေးက**

သီပေါမင်း၏မဟေသီ **"စုဖုရားလတ်"** သည် မြတောင်မြို့၏ဆဋ္ဌမမြောက်မြို့စားဖြစ်ခဲ့ရာ ၎င်းလှူဒါန်းခဲ့သော ကျောင်းတိုက်ကိုလည်း **"မြတောင်ကျောင်းတိုက်"**ဟု အမည်ပေးခဲ့သည်။ မန္တလေးမြို့ အနောက်ပြင် ၃၅ လမ်းနှင့် ၈၅ လမ်းထောင့်၊ ရတနာဘူမိရပ်တွင် သက္ကရာဇ် ၁၂၄၃ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ပြီး သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်းတွင် ပြီးစီးခဲ့သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မှာ ပါတော်မူသွားကြသောကြောင့် ဘုရင်နှင့် မိဖုရား ရေစက်မှချရရဲ့လားဟု တွေးတောနေခဲ့ကြသည်။

သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ဗီရိုလှည်း၊ မြတောင်ကျောင်းရှေ့က ဖြတ်သွားသည်ကို နောင်အခါ သခင်ကိုယ်တော်မှိုင်းဖြစ်လာမည့် မောင်လွန်းက မြင်တွေ့လိုက်ရသည်။ မောင်လွန်းသည် ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးထံမှာ ပညာသင်ယူခဲ့ရာက မန္တလေး မြတောင်ကျောင်းသို့ ရောက်လာပြီး၊ ဆက်လက်ပညာသင်ယူနေချိန်ဖြစ်သည်။ ဆရာသိန်းဖေမြင့်၊ ဒီးဒုတ်ဦးဘချို၊ မြို့မဆရာငြိမ်းတို့ရေးသားခဲ့သော **"သခင်ကိုယ်တော်မှိုင်းအတ္ထုပ္ပတ္တိစာအုပ်"**တွင် ရေးသားချက်ကို ကောက်နုတ်ဖော်ပြလိုသည်။

မြတောင်တိုက် ကျောင်းတစ်ကျောင်းရှိ ကပြင်၏ လက်ရန်းပေါ်တွင် လူချောချောဆယ်နှစ်သားအရွယ်တစ်ယောက် ထိုင်နေလေ၏။ ဆျောင်ပေစူးလေးကို ကျစ်နေအောင်ထုံးထား၏။ တိုက်ပုံအကျီ၊ တောင်ရှည်ပုဆိုးကလေးဝတ်ထား၏။ ထိုသူငယ်လေးသည် သီပေါမင်းပါသွားသည်ကိုမြင်လျှင် ငိုရှာလေသည်။ ဝမ်းထဲ၌ လှိုက်လှိုက်နှင့်ပူနေတော့၏။ အဖိုးများစွာထိုက်တန်သော အရာလေးတစ်ခု ပျောက်သွားသည်ဟုထင်ရှာလေ၏။ ထိုသူငယ်သည် အသက်ငယ်သော်လည်း **"အင်း ငါတို့တစ်မျိုးလုံး လူမျိုးခြား၏ ကျွန်ဖြစ်ပြီ"**ဟုသိကာ မချိမဆံ့ဖြစ်နေလေ၏။ ဘုရင်သည် ဂေါဝိန်ဆိပ်ဆင်းသောအခါ ကျောင်းဦးဘုရားသို့ ထိုသူငယ်သည် သွားလေ၏။ ဘုရားကို ရှိသေစွာကန်တော့ပြီး-

**"တပည့်တော်ကား ကမ္ဘာပျက်ခါနီးမှ လူဖြစ်ရသည်။ ယခု တပည့်တော်တို့လူမျိုးသည် ကျွန်ဖြစ်ခဲ့ရပါပြီ။ နောင်ဖြစ်လေရာဘဝ၌ ဘုရားတပည့်တော်သည် ကျွန်လူမျိုးမဖြစ်ပါရစေနှင့်ဘုရား"** ဟု ဆုတောင်းလေ၏။

ထို့ကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကလေးသူငယ်ဘဝကို **"မြတောင်ကျောင်းပေါ်ကကျတဲ့ မျက်ရည်"**ဟု တင်စားခဲ့ကြသကဲ့သို့ ဆရာကြီး၏ ဆုတောင်းသံသည် မြန်မာ့ဇာတိမာန်၏ အဦးအစဟုလည်း ညွှန်းဆိုခဲ့ကြသည်။

ဆရာဇော်ဂျီ၏ **"သခင်ကိုယ်တော်မှိုင်းဋီကာ"** စာအုပ်ထဲတွင်လည်း **"ဆရာကြီး၏ ပါတော်မူပုံမြင်ကွင်းသည် ဆရာကြီးရေးသားဖွဲ့ဆိုခဲ့သော ဆောင်းပါး၊ ကဗျာဋီကာအာဘော်တို့၏ အရင်းအမြစ်ဖြစ်သည်ဟုယူသော် ရကောင်းအံ့သို့ရှိလေသည်"** ဟု ရေးသားထားသည်။ ဆိုလိုရင်းအနှစ်ချုပ်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ကို မြတောင်ကျောင်းတိုက်က သန္ဓေတည်မွေးဖွားရှင်သန်လာခြင်းဖြစ်သည်ဟု ညွှန်းဆိုခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်မီးနှင့် နယ်ချဲ့တို့၏ အန္တရာယ်များကြောင့် မန္တလေးမြို့၊ မြတောင်ကျောင်းတိုက်မှ သံဃာတော်များသည် စစ်ကိုင်းတောင်ရိုးရှိ မြတောင်ချောင်မှာ သွားရောက်ခိုလှုံ သီတင်းသုံးနေကြရသည်။ အဆိုပါ သံဃာတော်များထဲတွင် ဦးသာသနဟူသော သံဃာတော်လည်း ပါဝင်ခဲ့သည်။ ဦးသာသနသည် ဓမ္မကထိကဆရာတော်အဖြစ် ထင်ရှားလာပြီး ဟောပြောမှုကောင်းလွန်းသောကြောင့် အောက်မြန်မာပြည်သို့ ဓမ္မဒေသနာခရီး မကြာခဏ ကြွရောက်လာခဲ့ရင်းက ကြည်ညိုသူများပြားလာခဲ့သည်။ ထိုသို့ကြည်ညိုသူများလာသောအခါ ပန်းတနော်မြို့မှ ဒါယကာ၊ ဒါယိကာမများက ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ရာ မန္တလေးမှ **"မိခင်မြတောင်ကျောင်းတိုက်"**ကို အစွဲပြုပြီး ပန်းတနော်မြို့မှလှူဒါန်းသောကျောင်းတိုက်ကိုလည်း **"မြတောင်ကျောင်းတိုက်"**ဟု အမည်ပေးခဲ့သည်။

၁၂၇၅ ခုနှစ်မှာ တည်ဆောက်ခဲ့သော မြတောင်ကျောင်းတိုက်သည် နှစ်ပေါင်း ၁၁၀ ရှိခဲ့လေပြီ။ မြတောင်ကျောင်းကို မြတောင်စာသင်တိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်မှာ သက္ကရာဇ် ၁၃၃၅ ခုနှစ်ဖြစ်ရာ ယခု နှစ် ၅၀ ပြည့်ရွှေရတုသို့ တိုင်ခဲ့လေပြီ။

ပထမဆရာတော် ဦးသာသန၊ ဒုတိယမြောက်ဆရာတော် ဦးအရိယဝံသတို့ဖြစ်ကြပြီး ယခု တတိယမြောက်ဆရာတော် ဦးဝိမလဉာဏသည် ဒုတိယနာယကဆရာတော် ဦးကုမာရနှင့်တွဲဖက်၍ မြတောင်စာသင်တိုက်ကြီးကို တိုးတက်ကြီးပွားအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ နှစ် ၅၀ ရွှေရတုခရီးသို့ ရောက်ခဲ့လေပြီ။ အဓိကဆရာတော်ကြီးနှစ်ပါးအနက် စာရေးဆရာလည်းဖြစ်သော အရှင်ကုမာရက ဆရာတော်ကြီး ဦးဝိမလဉာဏထက်ငယ်ပြီး ကျန်းမာရေးကောင်းနေသောကြောင့် သံဃာကိစ္စ၊ သာသနာရေးကိစ္စများသာမကဘဲ ပရဟိတလုပ်ငန်းများတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်အကျိုးဆောင်ပေးနေသည်။ ဆရာတော်အရှင်ကုမာရသည် (၁)မြတောင်ကုမာရ၊ (၂)ဓမ္မကာမိ၊ (၃)အရှင်ကုမာရ(ပန်းတနော်)၊ (၄)မြတောင်ဆရာတော်၊ (၅)မြထိပ်တင်(ပန်းတနော်)၊ (၆)နတ်မင်းကြီး၊ (၇)ဧရာဝတီမလှသီဟူသော ကလောင်အမည် ခုနစ်မျိုးဖြင့် လုံးချင်းစာအုပ် ၄၁ အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာတော်သည် ဦးသန့်၏ **"တိုးတက်သောလူမျိုးများသည် စာဖတ်ကြ၍၊ စာဖတ်သော လူမျိုးများသည် တိုးတက်ကြသည်"**ဟူသော ညွှန်းဆိုချက်ကို သွားဆန္ဒနှင့်အညီ အကောင်အထည်ဖော်ပေးလိုသောဆန္ဒရှိနေသည်။

**"နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ခေါင်းဆောင် ဦးသန့်"**

**"ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်၊ လူ့ဘုံလောက၊ နှစ်သာရသည့်၊ သူကပြုရူ၊ မကြည်ဖြူလည်း၊ စွာယူမရ၊ ကွာမကျ"**

**(ဆရာဇော်ဂျီ)**

ရိုးသားဂုဏ်၊ ယဉ်ကျေးဂုဏ်၊ တည်ကြည်အေးချမ်းလှသည့်ဂုဏ်၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်ရှိသလို၊ ဗုဒ္ဓအဆုံးအမကို သက်ဝင်ယုံကြည်သူ၊ ပြည်တွင်းမှာ အမျိုးသားကျောင်းဆရာ၊ ကျောင်းအုပ်၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အစဉ်တစိုက် ထမ်းရွက်ခဲ့သူ၊ ပြည်ပတွင် ၁၉၅၇ ခုနှစ်က ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းသံအမတ်၊ ၁၉၅၉ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံ ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၀ ပြည့်နှစ်က ကုလသမဂ္ဂရန်ပုံငွေတိုးပွားရေးအဖွဲ့ဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ်က ကွန်ဂို ဖျန်ဖြေရေးကော်မတီဥက္ကဋ္ဌ၊ ၁၉၆၂ ခုနှစ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန် ငါးနှစ်၊ ၁၉၆၆ ခုနှစ်တွင်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန် ဒုတိယအကြိမ် ငါးနှစ် စုစုပေါင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ၁၀ နှစ်တိတိတာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ ပထမဆုံးသော မြန်မာနိုင်ငံသား ကမ္ဘာ့ခေါင်းဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် ပန်းတနော်သား ဦးသန့်၊ ကမ္ဘာ့ဦးသန့်အဖြစ် မော်ကွန်းတင်ခဲ့သည်။

ထို့ပြင် အချို့နိုင်ငံများတွင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများကို **"ဦးသန့်ငြိမ်းချမ်းရေးဆု"**အဖြစ် ချီးမြှင့်ခဲ့ကြသည်။

မလေးရှားနိုင်ငံ၏မြို့တော် ကွာလာလမ်ပူတွင် သံရုံးများရှိသောလမ်းကို (Jalan U Thant) **"ဦးသန့်လမ်း"** ဟု ဂုဏ်ပြုအမည်ပေးထားသည်။

ကုလသမဂ္ဂရုံးချုပ်၏ အရှေ့ဘက်မျက်နှာချင်းဆိုင်မှာရှိသော မြစ်အတွင်းရှိ ကျွန်းငယ်လေးကို **"ဦးသန့်ကျွန်း"**ဟု အမည်ပေးထားသည်။

ဂျပန်နိုင်ငံ တိုကျိုကုလသမဂ္ဂတက္ကသိုလ်(United Nation University-UNU)ဌာနချုပ်တွင် ဦးသန့်ဂုဏ်ပြုပို့ချချက်ဟုခေါ်သော သင်ခန်းစာများကို ပို့ချလျက်ရှိသည်။ ထိုဌာနချုပ် အဓိကကွန်ဖရင့်ခန်းမကြီးကိုလည်း **"ဦးသန့်ခန်းမ"**ဟု အမည်ပေးထားသည်။

ကုလသမဂ္ဂပညာသင်ကျောင်းတွင်လည်း **"ဦးသန့်ပညာသင်ဆု"**သတ်မှတ်ကာ ချီးမြှင့်နေသည်။ ကမ္ဘာ့နိုင်ငံအချို့ကပင် မြန်မာ့ဦးသန့်ကို ကမ္ဘာ့ဦးသန့် အဖြစ် ဂုဏ်ပြုအမွှမ်းတင်ပြီး အမှတ်တရအထိမ်းအမှတ်များ ပြုလုပ်နေကြလေရာ မြန်မာနိုင်ငံသား၊ ပန်းတနော်မြို့သား၊ ကမ္ဘာ့ခေါင်းဆောင်ကို သူ၏ဇာတိ ပန်းတနော်မြို့တွင် **"ဦးသန့်စာကြည့်တိုက်နှင့်ပြတိုက် အဆောက်အအုံ ဆောက်လုပ်ပေးသင့်သည်"**ဟု ဆရာတော်အရှင်ကုမာရက ဆန္ဒပြင်းပြလာခဲ့သည်။ မဖြစ်မနေလုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချမှတ်ကာ စည်းရုံးလှုံ့ဆော် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။

မြတောင်စာသင်တိုက်၊ မြတောင်ကျောင်းတိုက်၏ ဇာတိသွေးဇာတိမာန်စိတ်ဓာတ်က ဆရာတော်အရှင်ကုမာရ(ပန်းတနော်)၏ နှလုံးသားထဲတွင် ထာဝစဉ်ကိန်းအောင်းလှုံ့ဆော်နေသည်။

**အကောင်အထည်ပေါ်ပြီ**

ဆရာတော်သည် ဘာသာ၊ သာသနာအရေးအတွက်

**စာမျက်နှာ ၅ သို့ ➤**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၉၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ကေ ၁၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၉၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ကေ ၁၅၀၀ စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ၅၉၆ ကေစိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ပြောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၀၃ ကေ၊ တမူးမြို့နယ်တွင် ၁၆၅ ကေနှင့် ခါမ်းပါတ်မြို့တွင် ၃၂၈ ကေ စုစုပေါင်း ၅၉၆ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၆၀၀၊ တမူးမြို့နယ်တွင် ကေ ၄၀၀ နှင့် ခါမ်းပါတ်မြို့တွင် ကေ ၅၀၀ စုစုပေါင်း ကေ ၁၅၀၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ကေလျှင် ဖူးစားပြောင်း အဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

## ကျန်းမာရေး

- ဘဝမှာ အရေးကြီးတဲ့
ဆေးနည်းလေး ပေးပါမယ်၊
ထိန်းသိမ်းနော် ကျန်းမာရေး
လိုက်စားပေးကွယ်၊
ကျန်းမာမှ လောကဝယ်
အဆင်ပြေတယ် လုပ်ငန်းများ၊
နံပါတ်တစ်ရယ်က
အမြဲစစ် ကျန်းမာခြင်းဖြင့်
ဖန်ဆင်းစေသား။

- လက်ကိုင်ဆောင် အသိတရားနဲ့
အားကစား လုပ်စေချင်၊
ခန္ဓာကိုယ် ကျန်းမာစွမ်း
လန်းဆန်းနေ့စဉ်၊
ကိုယ်စိတ်တို့ ပျော်ပျော်ရွှင်
အပူအပင် မရှိဝေး၊
အနာရောဂါ
ကင်းစင်ကွာ အများကျိုး
သယ်ပိုးကြလေး။

- မြဲကျန်းမာ ရင်မှာအေး
သောကမတွေး လာဘ်လို့ခေါ်၊
အသက်ရှည် ရောဂါကင်းရဲ့
သတင်းကောင်းပေါ်၊
လိုရာခရီး လျှောက်ကာပျော်
ကျန်းမာအဖော် သုခဖြစ်၊
လာဘ်တစ်ပါးရယ်မို့
မှတ်သားကွယ် ကျန်းမာမှုကို
တွေးရှုလို့စစ်။ ။

**ဖြိုးထက်(ရေစကြို)**

# ရမည်းသင်းမြို့နယ် ကန်ဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ကန်ဆွယ်ကျေးရွာအုပ်စု ကန်ဆွယ်ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၈ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကန်ဆွယ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းများလုပ်ကိုင်ရန် အသင်းသား၊ အသင်းသူ စုစုပေါင်း ၂၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

➤ စာမျက်နှာ ၄ မှအဆက်

စာဝါများသင်ကြားပို့ချခြင်းအပြင် စာပေမျိုးစုံရေးသား နေသူဖြစ်သောကြောင့်လည်း ပန်းတနော်မြို့သား စာရေးဆရာလည်းဖြစ်ခဲ့သော ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်ဖြစ်ပေါ်ရေးကို အစဉ်တစိုက်ကြိုးစားနေခဲ့သည်။

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်နာယကအဖြစ်တာဝန်ယူပြီး မြေနေရာရရှိရေး၊ ခွင့်ပြုချက်ရရှိရေးတို့ကိုကြိုးစားကာ ပန်းတနော်မြို့အဝင် မြို့ကွက်သစ်(၁)၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိနေရာ၌ အလျားပေ ၄၀၊ အနံ ပေ ၁၂၀၊ အကျယ် သုည ဒသမ ၁၁၀ ကေမြေကွက်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် သံဃာအပါး ၈၀ ကျော်တို့ဖြင့် မြေသန့်မင်္ဂလာကျင်းပခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ပန္နက်တင်မင်္ဂလာကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် အုတ်မြစ်စီမင်္ဂလာကျင်းပခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင် ဆောက်လုပ်ခဲ့ရာ အားလုံးပြီးစီးသည်အထိ သိန်းပေါင်း ၂၀၀၀ ခန့် ကုန်ကျခဲ့သည်။

ဦးသန့်စာကြည့်တိုက်နှင့်ပြတိုက် အဆောက်အအုံသစ်ဖွင့်ပွဲနေ့က ကျွန်တော်အပါအဝင် စာပေမိတ်ဆွေ ဦးအုန်းရွှေ၊ ဦးကျော်ညွန့်၊ ဦးအေးဝင်း၊ ဦးနိုင်လင်းအေးတို့က သုတရသစာအုပ်ပေါင်း ၄၀၀ ကျော်ကို လှူဒါန်းခဲ့ကြသည်။ ထိုမျှနှင့်အားမရသေးဘဲ ဆရာတော်အရှင်ကုမာရ(ပန်းတနော်)၏ စာပေအကျိုးဆောင်ရွက်မှုကို ကြည်ညိုလွန်းသောကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်ကလည်း ကျွန်တော်နှင့်မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)၊ တောင်ဥက္ကလာပမြို့နယ်၊ ရည်ညွန်းစာကြည့်တိုက်ဥက္ကဋ္ဌ ဦးခင်မောင်အေး(မောင်ယဉ်ဝေ)တို့ သုံးယောက် ပန်းတနော်မြို့၊ ဦးသန့်စာကြည့်တိုက်နှင့် ပြတိုက်သို့သွားရောက်ခဲ့ကြကာ ရည်ညွှန်းစာကြည့်တိုက်မှ သုတရသစာအုပ်ပေါင်း ၁၀၀၀ ကို ဒုတိယအကြိမ် သွားရောက်လှူဒါန်းခဲ့ကြသည်။

ဆရာတော်အရှင်ကုမာရ(ပန်းတနော်)က စာအုပ်များကို လက်ခံရယူပြီး မုဒိတာစကားမိန့်ကြားသည်။ ပန်းတနော်မြို့နယ်ရှိ စာရေးဆရာအသင်းဝင်များလည်း လာရောက်အားပေးဂုဏ်ပြုခဲ့ကြသည်။ ကမ္ဘာကျော်၊ မြန်မာ့ဂုဏ်ဆောင် ဦးသန့်စာကြည့်တိုက်နှင့်ပြတိုက်သည် စတင်ဖွင့်လှစ်ခါစဖြစ်သဖြင့် စာအုပ်များလိုအပ်နေသလို စာအုပ်များထည့်ရန် ဗီရိုများလည်း လိုအပ်နေပါသေးသည်။ စာပေချစ်သူ၊ စာပေမြတ်နိုးသူ၊ ဦးသန့်ကိုဂုဏ်ပြုလိုသူများအနေဖြင့် အခြေအနေပေးပါက စာပေဒါနပြုနိုင်ကြောင်း ရေးသားလိုက်ရသည်။

**ကိုးကား**

**-ဒေါက်တာအရှင်သောပါက၏ "နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာကျော် ဦးသန့်"**

**-မောင်သွေးချွန်၏ "ရွှေမြတောင်ရဲ့ သမိုင်းကြောင်းအစဉ်အလာ"**

**-"မြတောင်ရွှေရတုမော်ကွန်း"**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် ဆီးရီးယားသမ္မတ အာဆတ်တို့ တွေ့ဆုံဆွေးနွေး

**မော်စကို ဇူလိုင် ၂၅**

ရုရှားသမ္မတပူတင်သည် ဆီးရီးယားသမ္မတ အာဆတ်နှင့် ဇူလိုင် ၂၄ ရက်က မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်ဆွေးနွေးပွဲသည် ရုရှားသမ္မတပူတင်နှင့် ဆီးရီးယားသမ္မတအာဆတ်တို့၏ ၂၀၂၃ ခုနှစ် မတ်လနောက်ပိုင်း ပထမဆုံးတွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ဆီးရီးယားနှင့် တူကီယဲနိုင်ငံတို့ကြား ဆက်ဆံရေးပုံမှန်ပြန်လည်ထားရှိနိုင်ရေးအတွက် ရုရှား၊ တူကီယဲနှင့် ဆီးရီးယား သုံးနိုင်ငံဆွေးနွေးပွဲကျင်းပရေးအတွက် တူကီယဲသမ္မတ အာဒိုဂန်က အဆိုပြုခဲ့ပြီးနောက် ရုရှားသမ္မတနှင့် ဆီးရီးယားသမ္မတို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်ပြီး ဆီးရီးယားပြည်တွင်းစစ်၌ ၂၀၁၅ ခုနှစ်တွင် စစ်ရေးကြားဝင်စွက်ဖက်၍ အာဆတ်၏အစိုးရကို ကယ်တင်ပေးခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားသမ္မတပူတင်၊ တူကီယဲသမ္မတအာဒိုဂန်နှင့် ဆီးရီးယားသမ္မတအာဆတ်တို့ကြား ဆွေးနွေးပွဲ ကျင်းပနိုင်ခြေနှင့် ပတ်သက်ပြီး ရုရှားအစိုးရတာဝန်ရှိသူများက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံသည် ၂၀၁၁ ခုနှစ်က ဆီးရီးယားပြည်တွင်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားအစိုးရကိုဖြုတ်ချရန် ရည်ရွယ်ခဲ့ဖူးသော နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူများကြောင့် ဖရန့်ဖတ်လေဆိပ်၌ ခရီးစဉ်များဖျက်သိမ်းခဲ့ရ

**ဘာလင် ဇူလိုင် ၂၅**

ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူများ လေယာဉ်ပြေးလမ်းများအတွင်း တက်ရောက်ဆန္ဒပြနေမှုကြောင့် ဂျာမနီနိုင်ငံ ဖရန့်ဖတ်လေဆိပ်၌ ယနေ့တွင် လေကြောင်းခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူများ လေယာဉ်ပြေးလမ်းများအတွင်း ဝင်ရောက်ဆန္ဒပြခဲ့မှုကြောင့် ဖရန့်ဖတ်လေဆိပ်၏ လေကြောင်းခရီးစဉ် ၁၄၀၀ အနက် ၁၄၀ ခန့်ကို ဖျက်သိမ်းခဲ့ရကြောင်း ဖရန့်ဖတ်လေဆိပ် တာဝန်ရှိသူများက ပြောကြားသည်။

သို့သော် ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူများ၏ ဆန္ဒပြပွဲစတင်ခဲ့ပြီး ၃ နာရီအကြာတွင် တာဝန်ရှိသူများက ပြေးလမ်းများကို ပြန်လည်ရှင်းလင်းနိုင်ခဲ့သည်။

ဖရန့်ဖတ်လေဆိပ်သည် ဂျာမနီနိုင်ငံ၏ အကြီးဆုံးလေဆိပ်ဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူ ရှစ်ဦးတို့က လေဆိပ်အတွင်း ဝင်ရောက်နိုင်ခဲ့ကြသည်။

ရာသီဥတုပြောင်းလဲမှု တက်ကြွလှုပ်ရှားသူများ ဝင်ရောက်ဆန္ဒပြမှုကြောင့် ဇူလိုင် ၂၄ ရက်က ကိုလုံးမြို့လေဆိပ်သည်လည်း ၃ နာရီကြာ လေယာဉ်အဆင်းအတက် ရပ်ထားခဲ့ရသည်။

ဂျာမနီအစိုးရအနေဖြင့် လေဆိပ်လုပ်ငန်းများ နှောင့်ယှက်ခံရမှုများကို ပြစ်ဒဏ်များတင်းကြပ်ရန် လွန်ခဲ့သည့်ရက်သတ္တပတ်က ဆုံးဖြတ်ထားပြီး ဖြစ်သော်လည်း အဆိုပါ ဆုံးဖြတ်ချက်အတွက် လွှတ်တော်၏ အတည်ပြုချက်လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ အစ္စရေးဝန်ကြီးချုပ်မိန့်ခွန်းပြောစဉ် ဂါဇာစစ်ပွဲဆန့်ကျင်ရေးဆန္ဒပြသမားများ ကွန်ဂရက်လွှတ်တော်သို့ ချီတက်ဆန္ဒပြ




**နယူးယောက် ဇူလိုင် ၂၅**

အမေရိကန် ကွန်ဂရက်လွှတ်တော် ပူးတွဲအစည်းအဝေး၌ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု မိန့်ခွန်းပြောနေစဉ် ဂါဇာစစ်ပွဲဆန့်ကျင်ရေးဆန္ဒပြသမား ရာပေါင်းများစွာတို့က ကွန်ဂရက်လွှတ်တော်ဆီသို့ ချီတက်ဆန္ဒပြခဲ့ကြကြောင်း ဇူလိုင် ၂၄ ရက်က ဖော်ပြခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဇူလိုင် ၂၄ ရက်တွင် ဝါရှင်တန်မြို့ ကွန်ဂရက်လွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့ပြီး ဟားမတ်စ်အုပ်စု ချေမှုန်းရေးစစ်ပွဲကို ထောက်ခံမှုပေးရန် အမေရိကန်လွှတ်တော်အမတ်များကို တိုက်တွန်းခဲ့သည်။

သို့ရာတွင် ကွန်ဂရက်လွှတ်တော်အဆောက်အအုံပြင်ပ၌ ဂါဇာစစ်ပွဲနှင့်ပတ်သက်၍ အမျက်ထွက်နေကြသည့် ပါလက်စတိုင်းလိုလားသူများ စုရုံးရောက်ရှိလာခဲ့ပြီး အစ္စရေးဝန်ကြီးချုပ်၏ မိန့်ခွန်းကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ထို့ပြင် ဆန္ဒပြသမားများကို လူစုခွဲရန် ကွန်ဂရက်လွှတ်တော်ရဲတပ်ဖွဲ့ဝင်များက ကြိုးစားစဉ် ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုးလကျော်ကာလအတွင်း ဝင်ရောက်လာပြီဖြစ်သည့် ဂါဇာစစ်ပွဲကာလအတွင်း အရပ်သားသေဆုံးမှုမြင့်မားလာမှုကြောင့် အစ္စရေးနှင့် အမေရိကန်အစိုးရတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရပြီး အမေရိကန်နိုင်ငံအတွင်း အစ္စရေးဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရသည်။

ထို့ပြင် ဂါဇာစစ်ပွဲကာလအတွင်း အစ္စရေးကို စစ်ရေးအရ ကူညီနေမှုကြောင့် အမေရိကန်အစိုးရမှာလည်း ဝေဖန်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ရင်းနှီးမြှုပ်နှံသူများအတွက် ရွှေဗီဇာအစီအစဉ်တစ်ရပ် အင်ဒိုနီးရှားစတင်

**ဂျကာတာ ဇူလိုင် ၂၅**

အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရေးအတွက် ရွှေဗီဇာအစီအစဉ်တစ်ရပ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ရှစ်ဗီဇာအစီအစဉ်အရ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ငါးနှစ်သက်တမ်းရှိ ရွှေဗီဇာနှင့် ၁၀ နှစ်သက်တမ်းရှိ ရွှေဗီဇာတို့ကို ထုတ်ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ထုတ်ဖော်ပြောကြားထားသည်။

ငါးနှစ်သက်တမ်းရှိ ရွှေဗီဇာကို ရယူမည်ဆိုပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းထိ တန်ဖိုးရှိမည့် ကုမ္ပဏီတစ်ခု တည်ထောင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။



ထို့နည်းတူ ၁၀ နှစ်သက်တမ်းရှိ ရွှေဗီဇာကို ရယူမည်ဆိုပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အမေရိကန်ဒေါ်လာ ငါးသန်းထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည်ဖြစ်သည်။

ထို့ပြင် ကုမ္ပဏီမထောင်ဘဲ ရွှေဗီဇာနှစ်မျိုး သီးခြားရယူလိုသူများအနေဖြင့် ငါးနှစ်သက်တမ်းရှိ ရွှေဗီဇာကိုရယူရန် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ ရှိထားရမည်ဖြစ်ပြီး ၁၀ နှစ်သက်တမ်းရှိ ရွှေဗီဇာအတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ အထိ ရှိထားရမည်ဖြစ်သည်။

ယင်းငွေကြေးများကို အင်ဒိုနီးရှားအစိုးရ၏ ငွေချေးစာချုပ်များ၊ အများပိုင် ကုမ္ပဏီအစုရှယ်ယာများ ဝယ်ယူရာတွင် သုံးစွဲရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ကမ္ဘာ့အချမ်းသာဆုံးလူပုဂ္ဂိုလ် တစ်ရာခိုင်နှုန်း၏ပိုင်ဆိုင်မှုသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ဒေါ်လာ ၄၂ ထရီလီယံထိ မြင့်တက်

**လန်ဒန် ဇူလိုင် ၂၅**

ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ် တစ်ရာခိုင်နှုန်း၏ ပိုင်ဆိုင်မှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၂ ထရီလီယံထိ မြင့်တက်လာခဲ့ကြောင်း ဗြိတိန်အခြေစိုက် အော့စ်ဖမ်းအဖွဲ့၏ ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘရာဇီး၌ ဂျီ-၂၀ ထိပ်သီးညီလာခံမတိုင်မီ ဆင်းရဲမှုတိုက်ဖျက်ရေး နိုင်ငံတကာအဖွဲ့အစည်း ဖြစ်သည့် အော့စ်ဖမ်းအဖွဲ့၏ အဆိုပါအစီရင်ခံစာ ပေါ်ထွက်လာခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းနှင့်ညီမျှသည့် အချမ်းသာဆုံး ပုဂ္ဂိုလ်များ ပိုင်ဆိုင်ထားသည့် အမေရိကန်ဒေါ်လာ ၄၂ ထရီလီယံသည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နှင့်ညီမျှသော ဆင်းရဲသားများ၏ ပိုင်ဆိုင်မှုစုစုပေါင်းထက် ၃၆ ဆနီးပါး ပိုများကြောင်း အော့စ်ဖမ်းအဖွဲ့က သုံးသပ်ထားသည်။

သို့ရာတွင် အဆိုပါ ဘီလျံနာများ ပေးခဲ့ကြသည့်အခွန်နှုန်းမှာ ၎င်းတို့ပိုင်ဆိုင်မှုစုစုပေါင်း၏ သုည ဒသမ ၅ ရာခိုင်နှုန်းထိသာ ရှိခဲ့ကြောင်း အော့စ်ဖမ်းအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံတွင် နိုင်ငံတကာဘီလျံနာများထံမှ အခွန်တိုးမြှင့်ကောက်ခံရေးကို အဓိကထား ဆွေးနွေးမည်ဖြစ်သည်။

ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်ငါးဦးလျှင် လေးဦးနီးပါးမှာ ဂျီ-၂၀ နိုင်ငံများမှ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အားတီးမစ် မစ်ရှင်အတွက် အသုံးပြုမည့် SLS ဒုံးပျံကိုသယ်ဆောင်ထားသော ပီးဂါးဆပ်စ်ကုန်တင်ရေယာဉ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိလာ



**ဝါရှင်တန် ဇူလိုင် ၂၅**

အားတီးမစ် မစ်ရှင်အတွက် အသုံးပြုမည့် SLS ဒုံးပျံကိုသယ်ဆောင်ထားသော ပီးဂါးဆပ်စ် အမည်ရှိ ကုန်တင်ရေယာဉ်သည် ဇူလိုင် ၂၃ ရက်တွင် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကနေဒီအာကာသ စခန်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

ကိုယ်ထည်အလျား ၂၁၂ ပေရှိသော ပီးဂါးဆပ်စ်ရေယာဉ်သည် သီတင်းတစ်ပတ်ကြာ ရေကြောင်းခရီးကိုဖြတ်သန်းပြီးနောက် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသ စခန်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ကို လွှတ်တင်ရေးအတွက် အဆိုပါ SLS ဒုံးပျံကို အသုံးပြုရန် စီစဉ်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို လကမ္ဘာဝန်းကျင်သို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

SLS ဒုံးပျံသည် အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်လေးလုံး တပ်ဆင်ထားပြီး ပေါင်ချိန် ၅၁၂၀၀၀ ထိရှိသော တွန်းပင့်အားကို ထုတ်ပေးနိုင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ကို လာမည့်နှစ်အတွင်း လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## စိုးရိမ်သောကဝေဒနာ ခံစားနေရသူများတွင် Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မား

**ဗီယင်နာ ဇူလိုင် ၂၅**

စိုးရိမ်သောက ဝေဒနာခံစားနေရသူများတွင် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေပုံမှန်ထက် ပိုမြင့်မားကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

ဩစတြီးယားသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပြီးခဲ့သည့် ၁၀ နှစ်အတွင်း စိုးရိမ်သောကဝေဒနာ ခံစားခဲ့ကြရသူ အသက် ၆၀ အထက်ရှိသူများသည် စိုးရိမ်သောကဝေဒနာမရှိသူ သက်တူရွယ်တူများထက် Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက်သုံးဆမြင့်နေနိုင်ကြောင်း သိရသည်။

ထို့ပြင် အသက် ၇၀ မတိုင်မီ စိုးရိမ်သောကဝေဒနာ ခံစားနေရသူများတွင်လည်း Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက် ခုနစ်ဆမြင့်တက်နေတတ်ကြောင်း ဩစတြီးယား သုတေသနပညာရှင်များက ပြောကြားသည်။

စိုးရိမ်သောကဝေဒနာကြောင့် စိတ်ဖိအားဟော်မုန်းများ အလွန်အကျွံ ထွက်ပေါ်လာတတ်ပြီး ဦးနှောက်ရောင်ရမ်းလာမှုကြောင့် Dementia ရောဂါဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိုးရိမ်သောကဝေဒနာသည် သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေနိုင်ကြောင်း သိရသည်။

ဩစတြီးယားသုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၂၁၃၂ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**


## ဂိုးလ်ဒင်းတော့ဒ် လမျက်နှာပြင်လှော့လာရေးယာဉ်ငယ်က လကမ္ဘာအခြားဘက်ခြမ်းရှုခင်းကို ဓာတ်ပုံရိုက်ကူးရေးအတွက် AI နည်းပညာကို အသုံးပြုခဲ့

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်အမျိုးသား အာကာသ အေဂျင်စီ၏ ဂိုးလ်ဒင်းတော့ဒ် အမည်ရှိ လမျက်နှာပြင်လှော့လာရေးယာဉ်ငယ်သည် လကမ္ဘာအခြားဘက်ခြမ်းရှုခင်းကို ဓာတ်ပုံရိုက်ကူးရေးအတွက် ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြုခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

ဂိုးလ်ဒင်းတော့ဒ်လမျက်နှာပြင် လှော့လာရေးယာဉ်ငယ်သည် လမျက်နှာပြင် အခြားဘက်ခြမ်းကို ဓာတ်ပုံရိုက်ကူးရာတွင် မည်သည့်နေရာမျိုးမှ ရိုက်ကူးရမည်ကို AI အကူအညီဖြင့် ဆုံးဖြတ်ခဲ့ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် အလေးချိန်ငါးကီလိုဂရမ်ရှိသော ဂိုးလ်ဒင်းတော့ဒ် လမျက်နှာပြင်လှော့လာရေးယာဉ်ငယ်ကို ချန်အာ-၆ လဆင်းယာဉ်နှင့်အတူ ယခုနှစ် မေ ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



ဂိုးလ်ဒင်းတော့ဒ် လမျက်နှာပြင်လှော့လာရေးယာဉ်ငယ်သည် လမျက်နှာပြင်ပေါ် ရောက်ရှိခဲ့ပြီးနောက် လကမ္ဘာအခြားဘက်ခြမ်း မြင်ကွင်းနှင့် ချန်အာ-၆ လဆင်းယာဉ်ကို ဓာတ်ပုံရိုက်ကူးခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ချန်အာ-၃ လဆင်းယာဉ်ဖြင့် ယူတူအမည်ရှိ လမျက်နှာပြင်လှော့လာရေးယာဉ်နှင့် ၂၀၁၉ ခုနှစ်တွင် ချန်အာ-၄ လဆင်းယာဉ်ဖြင့် ယူတူ-၂ လမျက်နှာပြင်လှော့လာရေးယာဉ်ကို လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ဂိုးလ်ဒင်းတော့ဒ် လမျက်နှာပြင်လှော့လာရေးယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်းသို့ ဆင်းသက်နိုင်ခဲ့သည့် ပထမဆုံးလမျက်နှာပြင်လှော့လာရေးယာဉ် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Rapamycin ဆေးက အမျိုးသမီးများ၏ မျိုးဆက်ပွားနိုင်မှုကို ငါးနှစ်ထိဆန့်ထုတ်ပေးနိုင်

**နယူးယောက် ဇူလိုင် ၂၅**

Rapamycin အမည်ရှိ ဆေးဝါးတစ်မျိုးသည် အမျိုးသမီးများ၏ မျိုးဆက်ပွားနိုင်မှုသက်တမ်းကို ငါးနှစ်ထိ ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၄ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကိုလံဘီယာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Rapamycin ဆေးသည် အမျိုးသမီးများ၏မျိုးဥအိမ် အိုမင်းမှုနှုန်းကို လျှော့ချပေးခြင်းဖြင့် မျိုးဆက်ပွားနိုင်သည့်သက်တမ်းကို ငါးနှစ်ထိ ဆန့်ထုတ်ပေးနိုင်ကြောင်း သိရသည်။

Rapamycin ဆေးသည် လက်ရှိအချိန်တွင် ကင်ဆာရောဂါဆေးဝါးအဖြစ် သုံးစွဲနေကြသော ဆေးတစ်မျိုးဖြစ်သကဲ့သို့ ကိုယ်တွင်းအင်္ဂါသစ် ငြင်းပယ်ခံရမှုပြဿနာအတွက် ကျောက်ကပ်အစားထိုး လူနာများကိုပေးရသည့် ဆေးတစ်မျိုးလည်းဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသနပညာရှင်များသည် Rapamycin ဆေး၏ အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် အမျိုးသမီး ၁၀၀၀ ကျော်တို့ဖြင့်လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ပဏာမစမ်းသပ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Rapamycin ဆေးသည် အမျိုးသမီးများ၏ မျိုးဥအိမ်အိုမင်းမှုနှုန်းကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Rapamycin ဆေးသည် အမျိုးသမီးများ ဓမ္မတာရာသီကုန်ဆုံးမှုအရှိန်ကို လျှော့ချပေးခြင်းဖြင့် မျိုးဆက်ပွားနိုင်စွမ်းကို သက်တမ်းတိုးပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အအေးဓာတ်အပြင်းဆုံးဂြိုဟ်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအနက် အအေးဓာတ်အပြင်းဆုံးဂြိုဟ်ကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂ နှစ်ခန့်အကွာတွင် တည်ရှိသော သုံးစင်းတွဲကြယ်စနစ်တစ်ခုအတွင်း တည်ရှိကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ Eps Ind Ab ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သည် ဒြပ်ထုအားဖြင့် ကြာသပတေးဂြိုဟ် ဒြပ်ထုထက် ခြောက်ဆပိုကြီးကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် မိခင်ကြယ်ကို အလွန်ဝေးကွာသည့်ပတ်လမ်းမှတစ်ဆင့် လှည့်ပတ်နေခြင်းဖြစ်ရာ ကမ္ဘာမြေအချိန်ကာလအားဖြင့် နှစ် ၂၀၀ ကြာမှသာ မိခင်ကြယ်ကို တစ်ပတ် ပတ်မိသည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

မိခင်ကြယ်နှင့် အလှမ်းကွာမှုကြောင့် Eps Ind Ab ဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ ၃၂ ဒီဂရီဖယ်ရင်ဟိုက်ထိသာရှိရာ ရှာဖွေတွေ့ရှိဖူးသမျှ ဂြိုဟ်များအနက် အအေးမြဆုံးဖြစ်ကြောင်း သိရသည်။

Eps Ind Ab ဂြိုဟ်နှင့် မိခင်ကြယ်တို့အကွာအဝေးမှာ နေနှင့်နက်ပကျွန်းဂြိုဟ်ကြား အကွာအဝေးနှင့်ညီမျှကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝင်ငွေ ယူရိုတစ်ဘီလီယံကျော်ရရှိခဲ့ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်



**မက်ဒရစ် ဇူလိုင် ၂၅**

ရီးရဲလ်မက်ဒရစ် အသင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် အသင်းအနေဖြင့် ကစားသမား အပြောင်းအရွှေ့မပါဝင်ဘဲ ဘဏ္ဍာရေးဝင်ငွေ ယူရို တစ်ဘီလီယံကျော် ရရှိခဲ့သောကြောင့် ကမ္ဘာ့ဘောလုံးကလပ်အသင်းများထဲတွင် ဝင်ငွေအကောင်းဆုံး အသင်းတစ်သင်းဖြစ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွင်း ဘဏ္ဍာရေးဝင်ငွေ ထုတ်ပြန်ခဲ့ရာတွင် ကစားသမား အပြောင်းအရွှေ့မပါဝင်ဘဲ ယူရို ၁ ဒသမ ၀၇ ဘီလီယံရရှိခဲ့သဖြင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီနှင့် နှိုင်းယှဉ်ပါက ယူရို သန်း ၂၃၀ ပိုမိုရရှိခဲ့ပြီး ၂၇ ရာခိုင်နှုန်းထိ ဘဏ္ဍာငွေ တိုးတက်ရရှိခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ဆုဖလားနှင့် လာလီဂါဆုဖလားတို့ ရရှိခဲ့သည့်အပြင် ရုပ်သံထုတ်လွှင့်ခွင့် အပါအဝင် အခြားစီးပွားရေးကဏ္ဍများ တိုးတက်လာခဲ့သောကြောင့် ဘဏ္ဍာရေးနှစ် အဆုံးသတ်ခဲ့ချိန်တွင် ဝင်ငွေခွန် တိုးတက်လာခဲ့ခြင်းဖြစ်ပြီး forbes မဂ္ဂဇင်းက ထုတ်ပြန်သည့် ကမ္ဘာ့တန်ကြေးအကြီးဆုံး ဘောလုံးကလပ်အသင်းအဖြစ် ထိပ်ဆုံးတွင် ၁၁ ကြိမ်မြောက် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုလအစောပိုင်းက ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘက်ပီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့သဖြင့် ရုပ်သံ၊ ကြော်ငြာစသည့် စီးပွားရေးကဏ္ဍများမှ ဝင်ငွေခွန်တိုးတက်ရရှိလာမည်ဖြစ်သောကြောင့် လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## တောင်ပံကစားသမား ဒီယာဘီ အယ်အီသီဟတ်သို့ ပြောင်းရွှေ့ခဲ့ကြောင်း အေဗီလာထုတ်ပြန်

**လန်ဒန် ဇူလိုင် ၂၅**

တောင်ပံတိုက်စစ်ကစားသမား ဒီယာဘီသည် ဆော်ဒီအာရေဗျ ကလပ် အယ်အီသီဟတ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ပြောင်းရွှေ့သွားကြောင်း အေဗီလာအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၅ နှစ်ရှိ တောင်ပံကစားသမားသည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက လေဗာကူဆင်အသင်းမှ အေဗီလာအသင်းသို့ အသင်းစံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၄ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူ၍ ဘောလုံးရာသီ ပြီးဆုံးချိန်တွင် အသင်းအား ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

ဒီယာဘီသည် အသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ဆိုထားသဖြင့် လာမည့် ၂၀၂၈ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပြင်သစ်အသင်းဖော် ကစားသမားများဖြစ်သည့် ဘင်ဇီးမား၊ ကန်တီတို့နှင့် လက်တွဲရန်ဆုံးဖြတ်ခဲ့ပြီး အယ်အီသီဟတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အယ်သီဟီဟတ် အသင်းက တောင်ပံကစားသမား ဒီယာဘီအတွက် တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၂၀ ပေးချေမည်ဖြစ်ကာ ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား ဒီယာဘီက "ကျွန်တော်အသင်းအတွက် အစွမ်းကုန်ကြိုးစားပြီး အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီဟာ တကယ့်ကို ထူးဆန်းတဲ့ ဘောလုံးရာသီတစ်ခုဖြစ်ခဲ့လို့ ကျွန်တော်အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်တို့ အတူကြိုးစားပြီး အောင်မြင်မှုတွေရယူနိုင်ခဲ့လို့ အသင်းအနေနဲ့ အခုရာသီမှာ ချန်ပီယံလိဂ်ကစားခွင့်ရခဲ့ပါတယ်။ ဒီလိုအဖြစ်အပျက်တွေကို ကျွန်တော်ဘယ်တော့မှ မမေ့နိုင်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**




## ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဒူဘူဆန် ဂေါက်သီးရိုက်လောကမှအနားယူကြောင်း ကြေညာ

**ပဲရစ် ဇူလိုင် ၂၅**

ဥရောပ အသင်းနှင့်အတူ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ဖူးသည့် ပြင်သစ်ဂေါက်သီးရိုက်ကစားသမား ဒူဘူဆန်သည် ဂေါက်သီးရိုက်လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်အရွယ်သာရှိသေးသည့် ဒူဘူဆန်သည် ဂေါက်သီးရိုက်လောကမှ အနားယူကြောင်း ထုတ်ပြန်ခြင်းမပြုမီ LIV Golf အဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့သော်လည်း နည်းပြဘဝဖြင့်သာ ကျင်လည်လိုသည့်အတွက် ဂေါက်သီးရိုက်လောကမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဒူဘူဆန်က "ကျွန်တော့်အနေနဲ့ ကစားသမားဘဝကအနေအနားယူပြီးတဲ့နောက် နည်းပြတစ်ယောက်အနေနဲ့ ကျင်လည်သွားမယ်။ ပြိုင်ပွဲတွေနဲ့ ကင်းကွာခဲ့တာ ခုနစ်လလောက်တော့ရှိပြီ။ ကစားသမားဘဝကို မြတ်နိုးတယ်ဆိုပေမဲ့ နည်းပြတစ်ယောက်အနေနဲ့ လုပ်စရာရှိတာတွေ လုပ်ဆောင်သွားဖို့အတွက်လဲ အစီအစဉ်တွေအားလုံး စီစဉ်ပြီးသွားပါပြီ။ ကစားသမားတစ်ယောက်အနေနဲ့ ကျင်လည်ခဲ့စဉ်က LIV Golf အဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းမှုကို လက်ခံရရှိခဲ့ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ ကမ်းလှမ်းချက်ဆိုပေမဲ့ ကျွန်တော့်အနေနဲ့ အစီအစဉ်တွေအားလုံးကို စီစဉ်ထားပြီးဖြစ်တဲ့အတွက်ကြောင့် ကမ်းလှမ်းမှုကို စိတ်မကောင်းစွာနဲ့ ငြင်းပယ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက ပြီးခဲ့သည့် ဘောလုံးရာသီက ဂျီရိုနာအသင်းမှ အငှားခေါ်ယူထားသည့် ပါအူဗစ်တာကို အပြီးသတ်ခေါ်ယူ၍ ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ဖီနာဘာချီအသင်းက ဆီဗီလာအသင်းတိုက်စစ်မှူး အန်ညက်ဆီရိကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ခေါ်ယူခဲ့ပြီး လေးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- အိုလံပစ်ပြိုင်ပွဲဝင်မည့် နယူးဇီလန်အမျိုးသမီးအသင်း လေ့ကျင့်ရေးပြုလုပ်နေသည်ကို ဒရုန်းဖြင့် စောင့်ကြည့်ခဲ့သည့် ကနေဒါအမျိုးသမီးအသင်း နည်းပြအဖွဲ့ဝင်နှစ်ဦးကို ကနေဒါနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။
- ဆိုစီဒက်ကွင်းလယ်ကစားသမား မာရင်နိုက ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားမှုမရှိကြောင်း ပြောကြားခဲ့ပြီး အာဆင်နယ်အသင်းသို့ပြောင်းရွှေ့ရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

## ဗီလာရီးရဲလ်ဂိုးသမား ဂျော်ဂျန်ဆန်ကိုခေါ်ယူရန် ချဲလ်ဆီးအသင်း ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၂၅**

ချဲလ်ဆီးအသင်းသည် ဗီလာရီးရဲလ်အသင်းတွင် လက်စွမ်းပြကစားနေသည့် ဂိုးသမား ဂျော်ဂျန်ဆန်ကို ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဂိုးသမား ဂျော်ဂျန်ဆန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဗီလာရီးရဲလ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့ပြီး အသင်းအား အမှတ်ပေးဇယား အဆင့်(၈) နေရာသို့ရောက်ရှိအောင် ၎င်းအနေဖြင့် ပါဝင်ကူညီနိုင်ခဲ့သောကြောင့် ပြင်သစ်ကလပ် မာဆေးအသင်းက ခေါ်ယူနိုင်ရန် ဦးစားပေး ပစ်မှတ်ထားသော်လည်း ချဲလ်ဆီးအသင်းက လက်ဦးမှုရယူ၍ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့သည်။

ဂျော်ဂျန်ဆန်၏ လက်ရှိဈေးကွက်တန်းကြေးမှာ ယူရို ၄၅ သန်းရှိနေသော်လည်း ချဲလ်ဆီးအသင်းက ကနဦးပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်းထားပြီး ကစားသမားအတွက် လုပ်ခလစာနှင့် စာချုပ်သက်တမ်းတို့ ဆွေးနွေးခဲ့ရာ ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့သဖြင့် ဗီလာရီးရဲလ်အသင်းနှင့် ပြောင်းရွှေ့ကြေး ဆက်လက်ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ချဲလ်ဆီးအသင်းသည် နည်းပြ မာရက်စ်ကာကို ခန့်အပ်ပြီးနောက် အပြောင်းအရွှေ့တွင် နည်းပြ၏ လုပ်ပိုင်ခွင့်နှင့်သာ ကစားသမားသစ်ခေါ်ယူမှုများ ပြုလုပ်လျက်ရှိနေကာ မာရက်စ်ကာက ဂိုးသမားဂျော်ဂျန်ဆန်သည် ၎င်း၏နည်းစနစ်ပိုင်းနှင့် အံဝင်မှုရှိသည့် ကစားသမားဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် ခေါ်ယူရန်ဆုံးဖြတ်ထားပြီး ပွဲထွက်ခွင့်အတွက် ဂိုးသမားဆန်းချက်ဇ်နှင့် ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။




ဂိုးသမား ဂျော်ဂျန်ဆန်သည် ဗီလာရီးရဲလ် လူငယ်အသင်းကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် အသင်းကြီးတွင် ၂၀၂၁ ခုနှစ်မှ ပူးပေါင်းခွင့်ရခဲ့ကာ ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဦးစားပေးဂိုးသမားအဖြစ် ပါဝင်၍ လက်စွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲတွင် ရှမ်းယူနိုက်တက်အသင်း အုပ်စု(A)၌ ကျရောက်



**ရန်ကုန် ဇူလိုင် ၂၅**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များအပြီး အုပ်စုမဲခွဲပွဲပြုလုပ်ခဲ့ရာ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းက အုပ်စု(A)အတွင်း ကျရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ခွင့်ရရှိခဲ့ပြီး ခြေစစ်ပွဲအဖြစ် ဘရူနိုင်းကလပ် ကာဆူကာအသင်းနှင့် ပထမအကျော့၊ ဒုတိယအကျော့ကစားခဲ့ရာ နှစ်ကျော့ပေါင်း လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်များအပြီး အုပ်စုမဲခွဲမှုပြုလုပ်ခဲ့ရာ ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု(A)တွင် ထိုင်းထိပ်တန်းကလပ် BG Pathum United အသင်း၊ မလေးရှားကလပ် Terengganu အသင်း၊ အင်ဒိုနီးရှားထိပ်တန်း PSM Makassar အသင်း၊ ဗီယက်နမ်ကလပ် Dong A Thanh Hoa အသင်း၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက်အသင်းသည် ဩဂုတ် ၂၁ ရက်တွင် Dong A Thanh Hoa အသင်းနှင့် အဝေးကွင်းတွင် လည်းကောင်း၊ စင်တင်ဘာ ၂၅ ရက်တွင် PSM Makassar အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် Terengganu အသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် BG Pathum United အသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင် Preah Khan Reach Svay Rieng အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ကို ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များကို ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲကစားပြီး သုံးပွဲအနိုင်ရရှိခဲ့ကာ ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် ပေါင်းလောင်း အားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း အားကစားကွင်းတွင် ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အလားတူ နေပြည်တော် လယ်ဝေးမြို့ရှိ လယ်ဝေးအားကစားကွင်းတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ်(၃)တွင် ကချင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်ဆင်နာ အိုလံပစ်အားကစားပွဲတော်မှနုတ်ထွက်ကြောင်း ကြေညာ

**ပဲရစ် ဇူလိုင် ၂၅**

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားအဖြစ် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသွားမည့် အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာ အနေဖြင့် အာသီးရောင်ရောဂါ ဝေဒနာခံစားနေရပြီး လိုအပ်သော ဆေးကုသမှုပြုလုပ်ကာ အနားယူသွားရမည်ဖြစ်သည့်အတွက် အိုလံပစ် အားကစားပွဲတော်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဂျန်နစ်ဆင်နာက "မြေစေးကွင်းမှာ လေ့ကျင့်ပြင်ဆင်မှုတွေ အကောင်းဆုံး ပြုလုပ်ထားနိုင်ပါတယ်။ အိုလံပစ်အတွက် အကောင်းဆုံးပြင်ဆင်နေခဲ့တာပါ။ ဒါပေမဲ့ ရုတ်တရက် နေမကောင်းဖြစ်လို့ ဆေးစစ်ကြည့်တော့ အာသီးရောင် ရောဂါကြောင့် ဖျားနာတာလို့ သိရတယ်။ လိုအပ်တဲ့ ဆေးကုသမှုတွေပြုလုပ်နေပါတယ်။ ဆရာဝန်ရဲ့ အကြံပြုချက်အရ ဆေးကုသမှုတွေ ဆက်လက်လုပ်ဆောင် သွားရမှာဖြစ်သလို ရက်အနည်းငယ် အနားယူသွားရမှာပါ။ ဒါကြောင့် အိုလံပစ်အားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ပါဘူး။ ၂၀၂၄ ခုနှစ် တင်းနစ်ရာသီမှာ ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်က အိုလံပစ်အားကစားပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်ပြီး အီတလီအတွက် အောင်မြင်မှု ရယူပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်တော့မှာ မဟုတ်တဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ အီတလီပရိသတ်တွေကိုလဲ တောင်းပန်တဲ့အကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်"ဟု ၎င်း၏ X လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်မဟုတ်ဘဲ လီဗာပူးအသင်းနှင့် သက်တမ်းတိုးရန် အနီးဆုံးဖြစ်

**လန်ဒန် ဇူလိုင် ၂၅**

လီဗာပူးအသင်း တောင်ပံခံစစ်ကစားသမား အာနိုးက ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ဘဲ အသင်းနှင့်သာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ အာနိုးသည် လီဗာပူးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး တောင်ပံခံစစ် ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်လျက်ရှိသူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် အာနိုး၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ် အတွက် ကမ်းလှမ်းမှု မရှိသေးသဖြင့် အနာဂတ်နှင့်ပတ်သက်ပြီး သတင်းများ ထွက်ပေါ်လျက်ရှိပြီး ရီးရဲလ်မက်ဒရစ် အသင်းက အာနိုးကိုခေါ်ယူရန် ပြင်ဆင်နေသည်ဟု သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိနေသည်။

ရီးရဲလ်မက်ဒရစ် အသင်းက အာနိုးကို လက်ရှိအပြောင်းအရွှေ့ကာလတွင် မခေါ်ယူနိုင်ခဲ့ပါက လာမည့်နှစ် အပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန်အတွက် စောင့်ကြည့်လျက်ရှိသည်။

သို့သော် အာနိုးက ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရေးထက် အသင်းနှင့်သာ ကာလရှည် စာချုပ်ချုပ်ဆိုကာ ဆက်လက် လက်တွဲသွားလိုပြီး လီဗာပူးအသင်းကလည်း မကြာမီ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ထားကြောင်း သိရသည်။

**STA**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကိုဗစ်-၁၉အလွန် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများ ဖြစ်ပွားမှုအခြေအနေ

ကမ္ဘာပေါ်မှာ လူသားတို့ကို ဒုက္ခပေးနေသည့် ရောဂါများကို အုပ်စုဖွဲ့လိုက်သည့်အခါ အဓိကအုပ်စုကြီးနှစ်ခုရှိသည်။ ကူးစက်တတ်သည့်ရောဂါကြီးများနှင့် မကူးစက်နိုင်သည့် ရောဂါကြီးများဖြစ်သည်။ ဆေးပညာသမိုင်းတစ်လျှောက် ကူးစက်ရောဂါကြီးများသည် ကပ်ရောဂါကြီးများအသွင်ဖြင့် ကမ္ဘာ့လူသားများ၏ သိန်းနှင့်သန်းနှင့်ချီသော အသက်ဇီဝိန်များကိုခြွေခဲ့ပြီးဖြစ်သည်။ ဆေးပညာဖွံ့ဖြိုးလာမှုနှင့်အတူ ကူးစက်ရောဂါကြီးများနောက်ကွယ်က တရားခံ ဗက်တီးရီးယား၊ ဗိုင်းရပ် အစရှိသည့် ပိုးမွှားများကို သိရှိခဲ့ကြပြီးနောက် တစ်ချိန်က နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သည့် ကူးစက်ရောဂါကြီးများကို ထိန်းချုပ်နိုင်ခဲ့ကြသည်။ အချို့သော ကူးစက်ရောဂါကြီးများဆိုလျှင် ကမ္ဘာမြေပေါ်မှ လုံးဝပျောက်ကွယ်သွားသည်။ အချို့သောကူးစက်ရောဂါကြီးများကို ကာကွယ်ဆေး၊ ထိုးဆေးများဖြင့် ထိန်းချုပ်ထားနိုင်ကြသည်။ အချို့သောကူးစက်ရောဂါကြီးများအတွက် ကာကွယ်ဆေးသစ်များစမ်းသပ်ထုတ်လုပ်နေကြသည်။ (ဥပမာ- ငှက်ဖျားနှင့်တီဘီရောဂါများ) အချို့သောကူးစက်ရောဂါများကိုတော့ ဆေးဝါးများဖြင့် ထိန်းချုပ်ကုသနိုင်ကြသည်။ (ဥပမာ- HIV နှင့် အသည်းရောင်အသားဝါစီပိုး)

၂၀ရာစုနှောင်းပိုင်းကာလများမှ စတင်လျက် ကမ္ဘာ့လူသားများ၏ အသက်ဇီဝိန်ကိုခြိမ်းခြောက်နေသည်က ကူးစက်တတ်သောရောဂါများမဟုတ်တော့ဘဲ မကူးစက်နိုင်သော နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကင်ဆာ အစရှိသည့်ရောဂါများဖြစ်လာသည်။ ယနေ့ကမ္ဘာပေါ်တွင် လူသုံးဦးသေဆုံးတိုင်း တစ်ဦးက နှလုံးသွေးကြောကျဉ်းရောဂါဖြင့် သေဆုံးသည်။ လူ ငါးဦးသေဆုံးလျှင် တစ်ဦးမှာ ကင်ဆာရောဂါကြောင့်ဖြစ်ပြီး လူခုနစ်ဦးသေဆုံးလျှင် တစ်ဦးမှာ ကူးစက်ရောဂါများကြောင့်ဖြစ်သည်။ ကူးစက်ရောဂါများထဲမှာမှ အဓိက လူကိုသေဆုံးစေသည်က အဆုတ်ရောင်ရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် တီဘီရောဂါများဖြစ်သည်။

သို့တိုင်အောင် ကမ္ဘာမြေပေါ်မှာ ကြိုတင်မျှော်လင့်မထားသည့် ကပ်ရောဂါအသွင် ကူးစက်ရောဂါပိုးများ ရုတ်တရက်ပေါ်ပေါက်လာပြီး လူပေါင်းများစွာ၏အသက်ကို ဆွဲနုတ်နိုင်ခြေရှိနေသေးကြောင်းကို မဝေးလှသည့်ကာလမှ ကိုဗစ်-၁၉ ရောဂါကပ်ဘေးက သက်သေပြသွားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကို အောင်မြင်စွာထိန်းချုပ်နိုင်လိုက်ပြီးသည့်နောက် နဂိုကတည်းကရှိခဲ့သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်ပွားမှုပုံစံ ပြောင်းလဲလာသည်ကို တွေ့ကြရသည်။ ကိုဗစ်-၁၉ ရောဂါ၏ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါများအပေါ် အကျိုးသက်ရောက်မှုဟုဆိုရမည်။

ကိုဗစ်-၁၉ အလွန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၏ ရောဂါကူးစက်မှုပုံစံများ ပြောင်းလဲလာကြသည်။ ကိုဗစ်ကပ်ဘေးကာလများအတွင်းက အသွားအလာကန့်သတ်ထိန်းချုပ်မှုများနှင့် Social Distancing လူမှုဘဝ ခပ်ခွာခွာနေထိုင်ကြရမှုများကြောင့် ကိုဗစ်မဟုတ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှုနှုန်း ကျဆင်းသွားခဲ့သည်။ ကူးစက်ရောဂါများ၏ထူးခြားချက်တစ်ခုက ကူးစက်ပြန့်ပွားမှုများခြင်းနှင့်အတူ ကိုဗစ်ကိုယ်ခံစွမ်းအားပါ တက်လာခြင်းဖြစ်သည်။ ဥပမာ ကိုဗစ်-၁၉ ကူးစက်ခံရသူများလေလေ လူထုအတွင်း ကိုဗစ်ကိုယ်ခံစွမ်းအား တက်လာလေလေဖြစ်သည်။ ကိုဗစ်-၁၉ကပ်ဘေးကာလအတွင်း အခြားသောအသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ဖြစ်ပွားမှုလျော့နည်းသွားခြင်းနှင့်အတူ ထိုရောဂါများအပေါ် ခံနိုင်ရည်စွမ်းအားနှင့် ကိုယ်ခံစွမ်းအားများ လျော့နည်းလာကြသည်။

ကမ္ဘာပေါ်မှာ တီဘီရောဂါဖြစ်ပွားမှုက ၂၀၁၉ ခုနှစ်မတိုင်မီထိ သိသိသာသာ ကျဆင်းသွားခြင်းမရှိခဲ့ပေ။ ကိုဗစ်-၁၉ကပ်ဘေးကာလအတွင်းမှာတော့ တီဘီရောဂါလူနာအသစ်ဦးရေ ကျဆင်းလာခဲ့သည်။ ၂၀၁၉ ခုနှစ်မှာ တီဘီရောဂါလူနာသစ်ဦးရေ ခုနစ်သန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်မှာ ဦးရေ ငါးသန်းထိကျဆင်းသွားသည်။ တကယ်တော့ တီဘီရောဂါကူးစက်ပြန့်ပွားမှုနှုန်း ကျဆင်းလာခြင်းမဟုတ်ပါ။ ကိုဗစ်ကာလအတွင်း ကျန်းမာရေးဌာနများ အလုပ်တာဝန်ပိမှုနှင့်အတူ တီဘီရောဂါတိုက်ဖျက်ရေးဌာနများ၏ တီဘီရောဂါလူနာသစ်ရှာဖွေဖော်ထုတ်ပေးနိုင်မှုနှုန်းလည်း ကျဆင်းသွားခြင်းသာဖြစ်သည်။ တီဘီလူနာအနည်းငယ်ကိုသာ ရှာဖွေဖော်ထုတ်ကုသနိုင်ခဲ့ခြင်းကြောင့် ဆေးကုသခွင့်မရသည့်၊ ရောဂါရှိမှန်း သိခွင့်မရလိုက်ကြသည့် တီဘီလူနာများ ပိုမိုများပြားလာပြီးနောက်ပိုင်းမှာ တီဘီရောဂါကြောင့် သေဆုံးမှုများပါ မြင့်တက်လာခဲ့သည်။ ကိုဗစ်ကာလအတွင်း အသွားအလာကန့်သတ်ပိတ်ပင်ခြင်းများကြောင့် တီဘီရောဂါကူးစက်ပျံ့နှံ့မှုကို ယာယီအားဖြင့် ပိတ်လိုက်သလိုတော့ဖြစ်သွားသည်။ သို့သော် အသွားအလာများပြန်ပွင့်လာတော့ တီဘီလူနာသစ်များ အများကြီးတိုးလာသည်။ ရောဂါကူးစက်ပျံ့နှံ့မှုများ များနေခဲ့သည်ကို ဖော်ပြနေသည်။

၂၀၂၄ခုနှစ်အတွင်း မကြာသေးမီက ကျင်းပခဲ့သည့် ကမ္ဘာ့အဆုတ်ကျန်းမာရေးညီလာခံမှာ ကမ္ဘာတစ်လွှား တီဘီရောဂါများ၏ ဖိစီးမှုဝန်ထုပ်ဝန်ပိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က ခန့်မှန်းတွက်ချက်ပုံနည်းလမ်းများအကြောင်း ဆွေးနွေးခဲ့ကြသည်။ ၂၀၂၂ခုနှစ်အတွင်း တီဘီရောဂါကြောင့် သေဆုံးသူ ကမ္ဘာနှင့်အဝန်း ၁ ဒသမ ၃ သန်းရှိခဲ့သည်။ ၂၀၁၅ ခုနှစ်နှင့်ယှဉ်လျှင် သေဆုံးသူဦးရေ ၁၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟုဆိုသည်။ တီဘီရောဂါလူနာသစ်တွေ့ရှိမှုက လူတစ်သိန်းလျှင် ၁၃၃ ဦးနှုန်းဖြစ်သည်။ WHO ၏ တီဘီရောဂါအဆုံးသတ်ရေး မဟာဗျူဟာအရ ၂၀၂၅ ခုနှစ်ရောက်သည့်အခါ ကင်ဆာလူနာသစ်တွေ့ရှိမှု ၅၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေးနှင့် တီဘီရောဂါကြောင့် သေဆုံးမှု ၇၅ ရာခိုင်နှုန်းလျှော့ချနိုင်ရေးဖြစ်သည်။ ကမ္ဘာ့ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်တော့ရှိနိုင်သည်။ အာဖရိကတိုက်နိုင်ငံတချို့နှင့် ဥရောပတိုက်နိုင်ငံများဆိုလျှင် ၂၀၂၀ ပြည့်နှစ်ကတည်းက ထိုရည်မှန်းချက်များ ပြည့်မီခဲ့ပြီဟုဆိုသည်။

ကိုဗစ်-၁၉ကပ်ဘေးကာလအတွင်း တီဘီရောဂါများဖြစ်ပွားမှု၊ တီဘီရောဂါများကြောင့် သေဆုံးမှုများ ခန့်မှန်းရာမှာ စိန်ခေါ်မှုကြီးကြီးမားမားရှိလာခဲ့သည်။

❖ ကိုဗစ်-၁၉ ကပ်ဘေးအလွန် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ၏ ကူးစက်ဖြစ်ပွားမှုကို ခန့်မှန်း၍မရပေ။ ရာသီတုပ်ကွေးက ရာသီအလိုက်မဖြစ်တော့။ စောဖြစ်ချင်သည့်အခါဖြစ်သည်။ ဖြစ်လိုက်လျှင်လည်း ပိုမိုပြင်းထန်လာသည်။ အားပျော့သွားတတ်တာမျိုးလည်းရှိသည်။ ကိုဗစ်-၁၉ သည် ကပ်ရောဂါအဆင့်မှ လျော့ကျပြီး ရာသီတုပ်ကွေးလို ဆောင်းရာသီမှာအဖြစ်များသည့် တုပ်ကွေးတစ်မျိုးဖြစ်လာနိုင်သည်။ သို့သော် တိတိကျကျ မခန့်မှန်းနိုင်ကြသေးပေ။ မည်သို့ပင်ဆိုစေ ကိုဗစ်-၁၉ ကပ်ဘေးအလွန်တွင် ပုံမှန်ဖြစ်နေကျ ရာသီတုပ်ကွေးကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကိုတော့ သတိနှင့် ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ❖

WHO မှ ဦးဆောင်ပြုလုပ်ပြီး နိုင်ငံ့ခေါင်းဆောင်များ ပါဝင်တက်ရောက်မည့် တီဘီရောဂါတိုက်ဖျက်ရေး အင်အားစုအစည်းအဝေးကို ယခု ၂၀၂၄ခုနှစ်အတွင်း ကျင်းပရန်ရှိသည်။ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက် (NTP) များကလည်း တီဘီလူနာသစ်ရှာဖွေဖော်ထုတ်ရေးနှင့် စောင့်ကြပ်စစ်ဆေးရေးဆောင်ရွက်ချက်များကို ကိုဗစ်မတိုင်မီကာလများအတိုင်း ပြန်လည်လုပ်ဆောင်နေကြပြီဖြစ်သည်။

**Influenza** ဗိုင်းရပ်ကြောင့်ဖြစ်သည့် တုပ်ကွေးရောဂါသည် ရာသီအလိုက် အတက်အကျများဖြင့် ကူးစက်ပျံ့နှံ့ဖြစ်ပွားသည့် ရောဂါတစ်မျိုးဖြစ်သည်။ အမေရိကန်နိုင်ငံတွင် နှစ်စဉ် နိုဝင်ဘာလခန့်တွင် ရာသီတုပ်ကွေးဖြစ်ပွားမှုနှုန်းများတတ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပွားသည့် ရာသီတုပ်ကွေးမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကဖြစ်ပွားသည့် ရာသီတုပ်ကွေးလောက် အခြေအနေမဆိုးကြောင်းသိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ရာသီတုပ်ကွေးကြောင့် ဆေးရုံတက်ရသူဦးရေ ၇၈၀၀၀ နှင့် သေဆုံးသူဦးရေ ၄၅၀၀ ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာတော့ ဆေးရုံတက်ရသူဦးရေ ၁၇၀၀၀ နှင့် သေဆုံးသူဦးရေ ၁၁၀၀ သာရှိကြောင်း တွေ့ရသည်။

လက်ရှိကာလမှာ **Influenza A(H1N1)** အမျိုးအစား တုပ်ကွေးဗိုင်းရပ်မှုကွဲက အဓိကအဖြစ်များနေသည့် ရာသီတုပ်ကွေး အမျိုးအစားဖြစ်သည်။ ၂၀၂၂ ခုနှစ်က အဓိကဖြစ်ပွားခဲ့သည့် တုပ်ကွေးဗိုင်းရပ်မှုကွဲမှာ **Influenza A(H3N2)** အမျိုးအစားဖြစ်သည်။ **H1N1** အမျိုးအစားက အားပိုပျော့သည်။ သက်ကြီးရွယ်အိုများ ဆေးရုံတက်နှုန်းက ၂၀၂၂ ခုနှစ် **H3N2** အမျိုးအစားလောက် မများကြောင်း တွေ့ရသည်။

နောက်ထပ် တုပ်ကွေးဗိုင်းရပ်ပိုးတစ်မျိုးဖြစ်သည့် **RSV** ဗိုင်းရပ်က ပုံမှန်အားဖြင့် ဇန်နဝါရီလမှာ အများဆုံးဖြစ်ပွားတတ်သည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့မှာ **RSV** တုပ်ကွေးက ဇူလိုင်လအတွင်းဖြစ်ပွားမှု အများဆုံးစံချိန်တင်သွားသည်။ ၂၀၂၂ ခုနှစ် နွေရာသီမှာ အရင်နှစ်များထက် လေးဆပိုပြီး ကလေးသူငယ်များ ဆေးရုံတက်ခဲ့ကြရသည်။ ၂၀၂၃ ခုနှစ်အတွင်းမှာ ဒီဇင်ဘာလဆန်းကတည်းက ဖြစ်ပွားမှုများနေခဲ့သော်လည်း ၂၀၂၂ ခုနှစ်ကကဲ့သို့ အခြေအနေမဆိုးတော့ဟုသိရသည်။ **RSV** တုပ်ကွေးရောဂါကုသရေးမှာ အသုံးပြုသည့် **Nirsevimab** ဆေးများလည်း ပြတ်သွားသည်။ သို့သော်လည်း ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် ထိုးနှံခဲ့သည့် ရာသီတုပ်ကွေးကာကွယ်ထိုးဆေးပမာဏမှာ **RSV** နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထက် ပိုများခဲ့ကြောင်း သိရသည်။

၂၀၂၃ခုနှစ်အတွင်း တရုတ်နိုင်ငံတွင် ပုံမှန်မဟုတ်သည့် ကလေးသူငယ် နမိုးနီးယားအဆုတ်ရောင်ရောဂါ ကူးစက်ပျံ့နှံ့မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုသတင်းကြောင့် ကမ္ဘာတစ်ဝန်း ထိတ်လန့်တကြားဖြစ်ခဲ့ရသည်။ တရုတ်နိုင်ငံ ရောဂါနှိမ်နင်းရေးဗဟိုဌာနက အဆိုပါနမိုးနီးယား အဆုတ်ရောင်ရောဂါမှာ ကူးစက်ရောဂါအသစ်တစ်မျိုးကြောင့်မဟုတ်ဘဲ နဂိုရှိပြီး **RSV** တုပ်ကွေး၊ **Influenza** ရာသီတုပ်ကွေးနှင့် **Mycoplasma Pneumonia** အဆုတ်ရောင် ဗက်တီးရီးယားပိုးများကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အသွားအလာလုံးဝပိတ်ပင်ခြင်း **(Lockdown)** များ၏ ဘေးထွက်ဆိုးကျိုးများကို ကမ္ဘာ့နိုင်ငံများ စတင်ခံစားနေကြရပြီလားဟု ပညာရှင်များကစိုးရိမ်နေကြသည်။ ပုံမှန်လှုပ်ရှားသွားလာ၊ ပုံမှန်ရောဂါပိုးများ ကူးစက်ပြီး ပုံမှန်ကိုယ်ခံစွမ်းအားများရနေလျှင် စိုးရိမ်စရာမရှိ။ **Lockdown** များလုပ်ပြီး ပြန်ဖွင့်လိုက်တော့ အိမ်တွင်းအောင်းခဲ့ကြသည့် လူသားများမကြုံဖူးသည့်၊ အဆက်အသွယ်ပြတ်နေသည့်၊ တစ်နည်းအားဖြင့် ကိုယ်ခံစွမ်းအားမရသေးသည့် ကူးစက်ရောဂါပိုးအသစ်များနှင့် ဘွားခနဲ ကြုံလိုက်ကြရသည်။ တရုတ်နိုင်ငံ၏ အထက်ပါ နမိုးနီးယား အဆုတ်ရောင်ဖြစ်စဉ်က **Lockdown** ၏အကျိုးဆက်ဟုဆိုကြသည်။ ၂၀၂၃ ခုနှစ် မေလသည် တရုတ်နိုင်ငံအတွက် **Lockdown** များဖြေလျှော့ခဲ့ပြီး ပထမဆုံးကြုံရသည့် ဆောင်းရာသီဟုဆိုကြသည်။ ၂၀၂၂ ခုနှစ်က ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ရာသီတုပ်ကွေးများ အလွန်ဆိုးရွားခဲ့ခြင်းကလည်း အလားတူ **Lockdown** ဖြေလျှော့ခြင်းများကြောင့်ဟု သုံးသပ်ကြသည်။

အချုပ်အားဖြင့်ဆိုရသော် ကိုဗစ်-၁၉ ကပ်ဘေးအလွန်အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ၏ ကူးစက်ဖြစ်ပွားမှုကို ခန့်မှန်း၍မရပေ။ ရာသီတုပ်ကွေးက ရာသီအလိုက်မဖြစ်တော့။ စောဖြစ်ချင်သည့်အခါဖြစ်သည်။ ဖြစ်လိုက်လျှင်လည်း ပိုမိုပြင်းထန်လာသည်။ အားပျော့သွားတတ်တာမျိုးလည်းရှိသည်။ ကိုဗစ်-၁၉ သည် ကပ်ရောဂါအဆင့်မှ လျော့ကျပြီး ရာသီတုပ်ကွေးလို ဆောင်းရာသီမှာအဖြစ်များသည့် တုပ်ကွေးတစ်မျိုးဖြစ်လာနိုင်သည်။ သို့သော် တိတိကျကျ မခန့်မှန်းနိုင်ကြသေးပေ။ မည်သို့ပင်ဆိုစေ ကိုဗစ်- ၁၉ကပ်ဘေး အလွန်တွင် ပုံမှန်ဖြစ်နေကျ ရာသီတုပ်ကွေးကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကိုတော့ သတိနှင့် ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ကာကွယ်ထိုးဆေးများ၊ တုပ်ကွေးဗိုင်းရပ်ကုသဆေးများ၊ နှာခေါင်းတို့ဖတ်ယူခြင်းကဲ့သို့ ရောဂါစစ်ဆေးမှုများကို အမြဲကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်သည်။ ရှိရင်းစွဲရာသီတုပ်ကွေးများကို သတိထားစောင့်ကြည့်နေလျက်က အသစ်ပေါ်ပေါက်လာနိုင်သော ကပ်ရောဂါအသွင် ကူးစက်ရောဂါအသစ်များအတွက်လည်း ပြင်ဆင်ထားကြရန် လိုအပ်ပါသည်။

**ကိုးကား**

- Patterns of respiratory infections after COVID-19 from lancet Respiratory 2024,Jan

ဒေါက်တာလွှမ်းမိုးဟန်

# ဆက်ထုံး ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ ဩဂုတ်လအတွင်း Mahar Application မှ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေ




**ရန်ကုန် ဇူလိုင် ၂၅**

ဖီးနစ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဆက်ထုံး ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ ဩဂုတ်လအတွင်း Mahar Application မှ HD Quality ဖြင့် ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် နေဆန်းက ပြောပြ၍ သိရသည်။

ဆက်ထုံး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သွန်းသခင်က ရေးသားထားခြင်းဖြစ်ပြီး သွန်းသခင်၊ ဖြိုးသဥ္ဇာကျော်၊ ယုန်လေး (TMK)၊ အင်ကြင်းဦး တို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အိမ်ထောင်ရေးပညာပေး ဒရာမာဇာတ်လမ်းတွဲလေးပါ။ ဆက်ထုံးဆိုတာ ပြတ်သွားတဲ့ကြိုးကို ပြန်ဆက်ဖို့ ကြိုးစားရင်း ထုံးသွားခဲ့တဲ့သဘောလေးလို အိမ်ထောင်သည်တွေမှာ ပြတ်သွားပြီး ပြန်ဆက်ထားကြတဲ့ အိမ်ထောင်ရေးတွေ ရှိတယ်မဟုတ်လား။ တချို့က ဆက်ထုံးမခိုင်ခဲ့လို့ ပြန်ပြီး ပြတ်တောက်သွားကြတယ်။ တချို့ကတော့ တစ်ယောက်နဲ့ တစ်ယောက် ခွင့်လွှတ်ပြီး အချိန်အကြာကြီး ပြန်ပြီးပေါင်းသင်းနိုင်သွားတယ်။ ဆက်ထုံးကြောင့် အဖုအထစ်တွေရှိပေမဲ့ ကြိုးကိုခိုင်အောင် ဆက်ထားနိုင်ရင် မပြတ်တောက်နိုင်တော့ဘူး။ လှပတဲ့ ဆက်ထုံးပေါ့။ ဒီဇာတ်လမ်းတွဲမှာ ဒီလို ဆက်ထုံးကို မြင်ရမှာပါ" ဟု သရုပ်ဆောင် နေဆန်းက ပြောပြသည်။

ဆက်ထုံး ဇာတ်လမ်းတွဲကို Mahar Application မှ နေ့စဉ် ည ၇ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး ဇာတ်လမ်းတွဲ၌ သရုပ်ဆောင် ဟိန်းဝေယံ၊ နေမျိုးအောင်၊ နေဆန်း၊ မင်းအာကာ၊ ရဲရင့်စည်သူအောင်၊ နန်းဆုဦး၊ ထွန်းပုလဲရတနာ၊ သုခြေဦး၊ သာသာ စသည့်အနုပညာရှင်များ သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Famous လျှို့ဝှက်သည်းဖိုဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီ စီစဉ်ထား

**နယူးယောက် ဇူလိုင် ၂၅**

Famous အမည်ရှိ လျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူး ထုတ်လုပ်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၄ ရက်သတင်းများအရ သိရသည်။

Famous လျှို့ဝှက်သည်းဖို ဇာတ်ကားတွင် ကမ္ဘာကျော် မင်းသား ဇက်အက်ဖရွန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

A 24 ရုပ်ရှင်ကုမ္ပဏီနှင့် မင်းသား ဇက်အက်ဖရွန်တို့သည် The Iron Claw ဇာတ်ကားအတွက်လည်း အတူလက်တွဲခဲ့ဖူးသည်။

Famous ဇာတ်ကားကို ဒါရိုက်တာ ဂျိုဒီဟေးက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

Famous ဇာတ်ကားတွင် မင်းသား ဇက်အက်ဖရွန်က နှစ်ကိုယ်ခွဲ ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Famous ဇာတ်ကားကို အမေရိကန်စာရေးဆရာ ဘလိတ်ခရော့၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ပိုလ်တထောင်မြို့နယ် Artistic Space Art Gallery တွင် With Rain Group Art Exhibition ပန်းချီပြပွဲ ပြသမည်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် With Rain Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၂၇ ရက်မှ စတင်ကာ ဇူလိုင် ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာမ သွယ်သွယ်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် နာမည်ရ ပန်းချီဆရာ၊ ပန်းချီဆရာမများဖြစ်သည့် ကြည်ဦး၊ သိုက်ဦး၊ ကိုမောင်ဝင်းလှ၊ စိုးနိုင်စိုး၊ မိုးသူရ၊ သွယ်သွယ်ဝင်း၊ ကေတီမော်၊ စန္ဒာဝင်း၊ ကျော်ဇော်လင်း၊ မိုးလင်း၊ မဇော်၊ ခင်မောင်ဘို၊ ဝင်းမောင်ရွှေ၊ မိုးလွင်၊ သိဂီ၊ ကံထွန်းခေါင်၊ မိုးမြင့်၊ မင်းထက်နိုင်၊ ကျော်စွာ၊ ရှမ်းလေး၊ လှိုင်ဝမ်း၊ ရင်ချစ်အေး၊ သန်းထိုက်စိုး၊ ဇင်ဝေဝေ၊ ထွန်းနိုင်စသည့် ပန်းချီဆရာ၊ ဆရာမများ ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးမည်ဖြစ်ကြောင်း သိရသည်။



Artist Kyi Oo · Artist Ko Maung Win Hla · Artist Soe Naing Soe

Artist Thike Oo · Artist Moe Thura · Artist Thwe Thwe Win

Artist KT Maw · Artist Kyaw Zaw Lin · Artist Sandar Win

"Artistic Space Art Gallery မှာ With Rain လို့ အမည်ပေးထားတဲ့ ပန်းချီ ဆရာ၊ ဆရာမ အယောက် ၃၀ တို့ရဲ့ Group Art Exhibition ပြပွဲကိုပြသမှာ ဖြစ်ပါတယ်။ အဲဒီမှာ ပါဝင်ပြသမဲ့ ပန်းချီဆရာမ ငါးယောက်ရဲ့ လက်ရာတွေကိုလဲ လာရောက်ကြည့်ရှုဖို့ဖိတ်ခေါ်လိုက်ရပါတယ်"ဟု ပန်းချီဆရာမ သွယ်သွယ်ဝင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄)လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄)လက်မ၊ (၁၈×၁၈)လက်မစသည့် အရွယ်အစားများပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ်ခုနစ်သိန်းမှ ငွေကျပ် ၂၅ သိန်းထိ ရှိကြောင်း သိရသည်။ ASH

# Black Bag ဒရာမာဇာတ်ကားကို ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် ရုံတင်မည်

**နယူးယောက် ဇူလိုင် ၂၅**

Focus Features ရုပ်ရှင်ကုမ္ပဏီက Black Bag အမည်ရှိ သူလျှိုလောကနောက်ခံ ဒရာမာဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် မတ် ၁၄ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်သတင်းများအရ သိရသည်။

Black Bag ဇာတ်ကားကို ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့က တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Black Bag ဇာတ်ကားတွင် မင်းသမီး ကိတ်ဘလန့်ချက်နှင့် မင်းသား မိုက်ကယ်ဖက်အန်ဒါတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့နှင့် ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကို အက်တို့သည် Presence ဇာတ်ကားတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြဖူးသည်။

Black Bag ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး နာအိုမီဟားရစ်၊ မာရစ်ဆာအဘယ်လာ၊ မင်းသား ပီးရက်ဘရော့စနန်နှင့် တွမ်ဘာ့တို့လည်း ပါဝင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Black Bag ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# အတ္တ . . . လွန် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၅**

မာလာမြိုင်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အတ္တ. . . လွန် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်တွင် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

အတ္တ. . . လွန် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အဂ္ဂမာန်နှင့် ယုန်လေး (TMK) တို့က ရေးသားထားခြင်းဖြစ်ပြီး ယုန်လေး (TMK) က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ အဂ္ဂမာန်က မာလာမြိုင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ပြီး Fortune-tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက Horror ကိုမှ မေတ္တာဇာတ်ပုံစံလေးပါ။ ဒီဇာတ်လမ်းတွဲမှာ ကျွန်တော်ရဲ့ အမျိုးသမီးကတော့ ဖူးစုံပါ။ အမျိုးသမီးစကားကို နားထောင်တဲ့ တောင်သူဦးကြီး ခင်ပွန်းတစ်ယောက်ပေါ့။ ရတနာဗိုရဲ့ အဖေနေရာက သရုပ်ဆောင်ထားတာပါ။ သမီးကို တအားချစ်တော့ တမလွန်ဘဝထိ လိုက်စောင့်ရှောက်ရတဲ့နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်" ဟု သရုပ်ဆောင် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အတ္တ. . . လွန် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ တင်မောင်ဆန်းမင်းဝင်း၊ ရဲရင့်မောင်မောင်၊ ဖူးစုံ၊ ရတနာဗို၊ အေးသန္တာ၊ ထက်ယမင်းအိမ်၊ ဘဂျမ်း၊ မျိုးကြည်၊ ဘုန်းမြတ်လင်း၊ ဝဒီထွန်း၊ ကလေးသရုပ်ဆောင် ပြည်လင်းကျော်၊ ယွန်းဝတ်လွှာဖြူ စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် အပိုင်း ၁၆ ပိုင်း ပါရှိမည်ဖြစ်ပြီး ဇာတ်လမ်းတွဲကို ဇူလိုင် ၂၇ ရက်မှ စတင်ကာ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives national security chiefs of BIMSTEC member countries and BIMSTEC secretary general


Senior General Min Aung Hlaing receives national security chiefs of BIMSTEC member countries and the BIMSTEC secretary general.

**Nay Pyi Taw July 25**

National security chiefs of BIMSTEC member countries and the BIMSTEC secretary general who were going to attend the Fourth Security Chiefs' Meeting to be hosted by Myanmar paid a courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the Credentials Hall of the SAC Chairman's Office here this afternoon.

Present at the call together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Unon Minister for Home Affairs Lt-Gen Yar Pyae, Deputy Prime Minister Union Minister for Foreign Affairs U Than Swe, Union Minister at SAC Chairman's Office 1 Admiral Moe Aung, Union Minister for Agriculture, Livestock and Irrigation U Min Naung and officials. Nation security chiefs, H.E. Shri Ajit Doval from India, Ambassador Abdul Motaleb Sarker from Bangladesh, Mr. Sonam Wangyel from Bhutan, H.E. Mr. Harishchandra Ghimire from Nepal, General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil from Sri Lanka, Ms. Kanyarat Angkanavisalya from Thailand, and BIMSTEC Secretary General H.E. Mr. Indra Mani Pandey.

First the Senior General extended greetings. Then national security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general presented individual reports on cooperation with BIMSTEC, challenges and the collective efforts to find answers to them.


Senior General Min Aung Hlaing poses for a group photo with national security chiefs of BIMSTEC member countries and the BIMSTEC secretary general.

The Senior General and the security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general cordially discussed matters relating to the establishment of BIMSTEC and the goals, cooperation in the economic development, peace and stability, social requirement and communication sectors among the BIMSTEC member countries, collective undertakings among the member countries in counternarcotic, counterterrorism, anti-human trafficking and cyber security issues, development of member countries, overcoming the challenges through regional cooperation, successful holding of the Fourth Security Chiefs' Meeting to be hosted by Myanmar in a transparent manner, successful holding of the BIMSTEC Summit in Thailand, Myanmar's latest developments and preparations to successfully hold a free and fair multiparty general election.

After the meeting, the Senior General and party and security chiefs of BIMSTEC member countries, representatives and the BIMSTEC secretary general posed for group documentary photos.

100


Senior General Min Aung Hlaing shakes hands with Mr. Harishchandra Ghimire from Nepal.


Senior General Min Aung Hlaing shakes hands with General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil from Sri Lanka.


Senior General Min Aung Hlaing shakes hands with Ms. Kanyarat Angkanavisalya from Thailand.

# On behalf of Chairman of the State Administration Council, Lt. General Aung Lin Dwe, Secretary of the State Administration Council signed the book of condolences for passing away of the General Secretary of the Central Committee of the Communist Party of the Socialist Republic of Viet Nam






**Lt-Gen Aung Lin Dwe signs the book of condolences for the demise of H.E. Mr. Nguyen Phu Trong, General Secretary of the Central Committee of the Communist Party of the Socialist Republic of Viet Nam.**

**Yangon July 25**

On behalf of the Chairman of the State Administration Council of the Republic of the Union of Myanmar, Lt. General Aung Lin Dwe, Secretary of the State Administration Council accompanied by officials from the Ministry of Foreign Affairs, arrived at the Embassy of the Socialist Republic of Viet Nam on Thiri Mingalar Street, Kamaryut Township, Yangon at 2 pm today to sign the book of condolences for the demise of H.E. Mr. Nguyen Phu Trong, General Secretary of the Central Committee of the Communist Party of the Socialist Republic of Viet Nam. The Secretary of the State Administration Council was welcomed by Ambassador of Socialist Republic of Viet Nam to Myanmar H.E. Ly Quoc Tuan, Defence Attaché Mr. Dao Van Duy and officials.

Then, the Secretary of the State Administration Council met Ambassador, Defence Attaché and authorities concerned of Vietnamese Embassy at the parlor in a friendly manner. He also expressed the message of condolences and sympathies from the Chairman of the State Administration Council for the recent passing of the General Secretary of the Communist Party of Viet Nam and signed the book of condolences.

H.E. Mr. Nguyen Phu Trong served as the General Secretary of the Central Committee of the Communist Party of Viet Nam since 2011 and paid an official visit to Myanmar in 2017. He was the President of the Socialist Republic of Viet Nam from 2018 to 2021. 100

# Kyunhla Township finishes cultivation of more than 7,000 acres of monsoon paddy

**Kyunhla July 25**

A total of 7,540 acres of monsoon paddy has been planted in Kyunhla Township of Sagaing Region, according to the township agriculture department.

In monsoon of 2024-25 financial year, the township earmarked 34,097 acres of monsoon paddy, and local farmers grew 7,540 acres of monsoon against the target.

"This year, more than 7,000 acres of monsoon paddy has been planted against the target of over 34,000 acres of monsoon paddy. They are trying hard to meet the target cultivation. Our department helps them use quality strains of paddy seeds, grow plants in time, apply correct agricultural techniques and prevent pests so as to produce high yield of paddy," said Daw Myint Myint Yi, Head of Township Agriculture Department.

In 2023-24 monsoon, Kyunhla Township earmarked 34,093 acres of monsoon paddy and local farmers planted 34,097 acres exceeding the target.

Local farmers prefer to use quality strains of paddy such as Hsinthukha, Manaw Thukha, Shwethweyin and Ayeyamin, according to the statistics of the township agriculture department.

This year, monsoon paddy plantations are thriving in Kyunhla Township. Officials of Township Agriculture Department manage selection of quality strains of paddy seeds, searching pests, weeding, abstraction of different paddy strains, and systematic use of fertilizers.

Although farmlands in Kyunhla Township are used rainwater, local farmers dam the creeks and drains to irrigate farmlands.

206

# Death toll from Philippine floods, landslides rises to 21

**Manila July 25**

Reported deaths from heavy rains, massive flooding, and landslides triggered by southwest monsoon enhanced by typhoon Gaemi have climbed to 21, police said on Thursday.

In a preliminary report, police said seven people died in the Philippine capital region Manila, three in Cavite province, five in Batangas province, and three in Rizal province. Police also reported that one died in Bulacan province and another two in Angeles City in Pampanga province.


The cause of death mainly was drowning, landslides, fallen trees, and electrocution.

The Philippines' national disaster agency has yet to report deaths due to the twin effects of southwest monsoon and Gaemi, which exits the Philippines on Thursday morning.

Gaemi, the third typhoon to lash the Philippines this year, has dumped rains, triggering flash floods and landslides in Metro Manila and many regions.

Aside from taking lives, Gaemi submerged and destroyed houses, primarily shanties in coastal and riverside communities, and swept away cars.

Displaced residents spent Wednesday night in covered courts, schoolhouses, churches, and other makeshift evacuation centers while waiting for the floodwaters in their areas to recede. Xinhua



**This photo taken on July 25, 2024 shows the view of a street after floods in Marikina City, the Philippines.**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံထုတ် Tor-M2 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ကိယက်ဒေသတွင် ခရုဇ်ဒုံးကျည်တစ်စင်းကိုပစ်ချနိုင်ခဲ့



ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ ရုရှားနိုင်ငံ အနောက်ဘက်စစ်ဒေသခရိုင် **Zapad Battlegroup** တိုက်ခိုက်ရေးအုပ်စုမှ Tor-M2(NATO အခေါ် SA-15D) လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ယူကရိန်းနိုင်ငံ ကိယက်ဒေသ၊ **Kupyansk** မြို့ပေါ်တွင် Storm Shadow ခရုဇ်ဒုံးကျည်တစ်စင်းကို ပစ်ချနိုင်ခဲ့ကြောင်း ဇူလိုင် ၂၀ ရက်တွင် **The Defense Post** သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

"မကြာသေးမီကပဲ ကျွန်တော်တို့အဖွဲ့တွေဟာ ပေါ်တူဂီနိုင်ငံထုတ် Tekever ဒရုန်းတစ်စင်း၊ Furia နှင့် Leleka အမျိုးအစားကင်းထောက်ဒရုန်း တစ်စင်း၊ Storm Shadow ခရုဇ်ဒုံးကျည် တစ်စင်းနှင့် HIMARS ဒုံးကျည်တစ်စင်းတို့ကို ပစ်ချနိုင်ခဲ့ပါတယ်"ဟု ရုရှားဘက်မှ Tor-M2 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် အော်ပရေတာတစ်ဦးက ပြောကြားခဲ့သည်။

ယူကရိန်းနှင့် ပြင်သစ်နိုင်ငံတို့က ယူကရိန်းသို့ Storm Shadow/ SCALP EG ခရုဇ်ဒုံးကျည်များကို ယူကရိန်း၏ ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ပေးအပ် ခဲ့ကြသည်။ ထိုသို့ အဆင့်မြင့် တာဝေးပစ် ခရုဇ်ဒုံးကျည်များ ပိုင်ဆိုင်ထားခြင်းဖြင့် ယူကရိန်းသည် မဟာဗျူဟာမြောက်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Storm Shadow/SCALP EG** ခရုဇ်ဒုံးကျည်သည် MBDA ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော တာဝေးပစ် ဒုံးကျည်ဖြစ်ပြီး တန်ဖိုးမြင့်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ MBDA သည် အဓိက ကန်ထရိုက်တာကုမ္ပဏီဖြစ်ပြီး ဗြိတိန်နှင့်ပြင်သစ်နှစ်နိုင်ငံပူးပေါင်းကြိုးပမ်းမှုမှ ထုတ်လုပ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဒုံးကျည်ကို ဗြိတိန်နိုင်ငံက Storm Shadow နှင့် ပြင်သစ်နိုင်ငံက SCALP EG (Emploi-Général)ဟူ၍ သတ်မှတ်ခေါ်ဝေါ်လေ့ရှိကြပြီး အခြားမျိုးကွဲများစွာလည်းရှိသေးကြောင်း သိရသည်။

ဒုံးကျည်သည် ခန့်မှန်းခြေအားဖြင့် ၅ ဒသမ ၁ မီတာ (၁၆ ဒသမ ၇ ပေ) အရှည်ရှိပြီး အလေးချိန် ကီလိုဂရမ် ၁၃၀၀ (၂၈၆၆ ပေါင်) ရှိသည်။ အကွာအဝေး ကီလိုမီတာ ၂၅၀ (၁၅၅ မိုင်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုအပေါ် မူတည်၍ သီးခြားမျိုးကွဲများတွင် အချက်အလက်ကွဲပြားနိုင်သည်။

TOR-M2 သည် ရုရှားနိုင်ငံထုတ် ခေတ်မီတာတိုပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည် (SAM) စနစ်ဖြစ်ပြီး ဝေဟင်ပစ်မှတ်အမျိုးမျိုးကိုတိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်း၏တိုက်ခိုက်ရေးစွမ်းရည်များတွင် တောင်ပံပုံသေတပ်လေယာဉ်များ၊ ပန်ကာတပ်လေယာဉ်များ (ရဟတ်ယာဉ်များ)၊ ဒရုန်း(UAV)၊ ခရုဇ်ဒုံးကျည်များနှင့် တိကျလမ်းညွှန်ခဲယမ်းများကို တုံ့ပြန်ဖျက်ဆီးနိုင်စွမ်းတို့ဖြစ်သည်။ ခေတ်မီရေဒါနှင့် ဒုံးကျည်လမ်းညွှန်စနစ်များ တပ်ဆင်အသုံးပြုထားပြီး TOR-M2သည် အီလက်ထရွန်နစ်စစ်ဆင်ရေး ပတ်ဝန်းကျင်အခြေအနေများတွင်ပင် ပစ်မှတ်အများအပြားကို တစ်ပြိုင်နက်တည်း ရှာဖွေ၊ ခြေရာခံ၊ တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

ရွေ့လျားစစ်ကစားနိုင်မှု၊ ရာသီဥတုမရွေးတိုက်ပွဲဝင်နိုင်စွမ်းနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးများအပေါ် ခံနိုင်ရည်မြင့်မားမှုတို့ဖြင့် TOR-M2 လက်နက်စနစ်သည် စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများနှင့် အရေးကြီးအခြေခံအဆောက်အအုံများအတွက် ယုံကြည်စိတ်ချရသော အကာအကွယ်ကိုသေချာစေပြီး ခေတ်မီလေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကို အလုံးစုံ ကာကွယ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Russian Tor-M2 Air Defense System Destroys Storm Shadow Missile in Kharkiv Oblast** ကို **ဘာသာပြန်ဆိုထားပါသည်။**

## စပိန်နိုင်ငံက အမေရိကန်ထံမှ နောက်ဆုံးထုတ် Patriot ဒုံးကျည်ဗားရှင်းကိုဝယ်ယူရန် သဘောတူညီမှုရခဲ့



စပိန်နိုင်ငံသည် အဆင့်မြင့် နောက်ဆုံးထုတ် **Patriot Advanced Capability-3 (PAC-3) Missile Segment Enhancement (MSE)** ဒုံးကျည်များနှင့် ဆက်စပ်အထောက်အကူပြုပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အမေရိကန်နှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း **The Defense Post** သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရောင်းချရမှုကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အတည်ပြုခဲ့ပြီး PAC-3 ဒုံးကျည် ၅၁ စင်း၊ M903 ဒုံးကျည်ပစ်လွှတ်စင် ၂၄ ခုနှင့် AN/MPQ-65 ရေဒါ လေးစီးတို့ ပါဝင်သည်။ စပိန်နိုင်ငံသည် ယခုအခါ နောက်ဆုံးထွက် PAC-3 ဒုံးကျည်ဗားရှင်း၏ ၁၆ နိုင်ငံမြောက် ဝယ်ယူအသုံးပြုခဲ့သည့်မိတ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။

ယခုဝယ်ယူရေးသည် နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် အသံထက်မြန်သောဟိုက်ပါဆောနစ်လက်နက်များကဲ့သို့သော ဝေဟင်ခြိမ်းခြောက်မှုများကို တုံ့ပြန်ဖျက်ဆီးနိုင်ရန် စပိန်နိုင်ငံ၏ စစ်ဘက်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

"**Lockheed Martin** အနေဖြင့် အသစ်အဆန်းများ၊ ပြိုင်ဆိုင်မှုပြင်းထန်သော ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန်၊ ဖောက်သည်မိတ်ဖက်နိုင်ငံများအား ကူညီပေးရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု **Lockheed Martin** ကုမ္ပဏီ **PAC-3** ပရိုဂရမ်၏ ဥက္ကဋ္ဌ **Brian Kubik** က ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်မြင့်ဆုံးလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်အဖြစ် **PAC-3** ဒုံးကျည်သည် စပိန်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ရုံမျှမက ၂၁ ရာစု ခေတ်သစ်စစ်ပွဲများအတွက် ၎င်းတို့၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားနိုင်လိမ့်မည်ဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**PAC-3** ဒုံးကျည် ကုန်ကျစရိတ်လျှော့ချရေး အစပြုမှုကြိုးပမ်းချက်နှင့် နှိုင်းယှဉ်ပါက ပိုမိုကြီးမားသော **Two-Pulse** အစိုင်အခဲလောင်စာသုံးမော်တာနှင့် အမြီးဘက်တောင်ပံသေး **(Tail Fins)**များပါရှိသော **MSE** ဒုံးကျည်သည် ပိုမိုမြန်ဆန်ပြီးလှုပ်ရှားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်စွာ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ဒုံးကျည်ဗားရှင်း နှစ်မျိုးစလုံးသည် သမားရိုးကျ **Blast Fragmentation** ပေါက်ကွဲဖျက်ဆီးတိုက်ခိုက်မှုမျိုးအသုံးမပြုထားဘဲ ပစ်မှတ်ပေါ်တွင် ပိုမိုကြီးမားသောအရွေ့စွမ်းအင်သုံး **Hit-to-Kill Interception**(ထိ-ကွဲကြားဖြတ်တိုက်ခိုက်ရေး)နည်းပညာကို အသုံးပြုထားသည်။ **MSE** ဒုံးကျည်သည် အများဆုံးအမြင့်ပေ ၁၁၈၀၀၀ (၃၅၉၆၆ မီတာ) တွင် အကွာအဝေး ၇၅ မိုင် (ကီလိုမီတာ ၁၂၀)ထိ ပစ်မှတ်ကိုကြားဖြတ်တိုက်ခိုက်နိုင်သည်။

အမေရိကန်နိုင်ငံ **Lockheed Martin**ကုမ္ပဏီသည် **MSE** ဒုံးကျည်၏ဆက်စပ်အစိတ်အပိုင်းများ ထုတ်လုပ်ရန်အတွက် ဧပြီလတွင် စပိန်နိုင်ငံ **Grupo Oesia** ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်အရ မက်ဒရစ်အခြေစိုက် ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာတင်ပို့ရောင်းချနိုင်ရေးအတွက် ဒုံးကျည်များ၏ အီလက်ထရွန်နစ်ကြိုးများနှင့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကို ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**GrupoOesía** နှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် စပိန်နိုင်ငံအတွက် အရေးကြီးကာကွယ်ရေးစက်မှုဘက်ဆိုင်ရာ စွမ်းဆောင်ရည်များကို ဆောင်ကြဉ်း ပေးနိုင်လိမ့်မည်ဖြစ်ပြီး ကြီးထွားလာနေသော ခြိမ်းခြောက်မှုများကိုတုံ့ပြန်တိုက်ခိုက်နိုင်မည့် ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကိုပိုမိုခိုင်မာအားကောင်းစေလိမ့်မည်ဟု **Lockheed Martin** ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ **Brenda Davidson** က ထိုအချိန်တွင် ပြောကြားခဲ့သည်။

**Spain Procures Latest Patriot Missile Version From US** ကို **ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၅၄၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၅၄၁၀ ထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ပဲစင်းငုံ ၂၈၈၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၅၄၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲစင်းငုံဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၅၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်တွင် ငါးခြောက်မျိုးစုံ အရောင်းအဝယ်ကောင်းမွန်နေ

**လပွတ္တာ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ငါးခြောက်မျိုးစုံ ဝယ်ယူမှုကောင်းနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်အေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင်ငါးခြောက်မျိုးစုံများကို ဇူလိုင်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါဒေသတွင် ငါးခြောက်မျိုးစုံတစ်ရက်လျှင်ပိဿာချိန် ၅၀၀ မှ ၁၄၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ငါးခြောက်မျိုးစုံကို ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က ဇူလိုင်လဒုတိယပတ်မှ စတင်ပြီး တဖြည်းဖြည်းဝယ်ယူမှုအားကောင်းလာပြီး ဒီနေ့ထိ အရောင်းသွက်နေတာဖြစ်ပါတယ်။ ပြည်တွင်း အဓိကဈေးကွက်ကနေ ဝယ်ယူမှု အားကောင်းလာလို့ အရောင်းသွက်နေပါတယ်။ လက်ရှိ တစ်ရက်ကို ငါးခြောက်မျိုးစုံ ပိဿာချိန် ၁၄၀၀ ထိ အရောင်းသွက်နေပါတယ်။ ဒီဒေသထွက် ငါးခြောက်တွေကို ရန်ကုန်ကနေတစ်ဆင့် နေပြည်တော်နဲ့ အခြားဒေသတွေကိုတင်ပို့ရောင်းချလျက်ရှိပါတယ်" ဟု လပွတ္တာမြို့မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်အေးက ပြောပြသည်။



လပွတ္တာမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးခြောက်များဖြစ်သည့် ငါးကွမ်းရှပ်(ငါးညို)၊ ငါးလိပ်ကျောက်၊ ကျောက်ငါးအမြောင်း၊ငါးပုတ်သင်၊ငါးပြေမ၊ ငါးဖောင်ရိုး စသည့်ငါးခြောက်များ အများဆုံး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဒေါ်ယဉ်အေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဝါးခယ်မမြို့နယ် ကိုးအိမ်တန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဝါးခယ်မ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကိုးအိမ်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကိုးအိမ်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် ကိုးအိမ်တန်းကျေးရွာ၌ အရှည် ၁၂၃၇ ပေ၊ အကျယ် ငါးပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းကျပ်သိန်း ၂၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က ပြောပြ၍ သိရသည်။

**သံသာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၅-၇-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး






**ရန်ကုန် ဇူလိုင် ၂၅**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏အထွေထွေ အတွင်းရေးမှူးဖြစ်သူ မစ္စတာငုယင်ဖူ ကျောက်ကွယ်လွန်ခြင်းအတွက် သီရိမင်္ဂလာလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ကိုယ်စား လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲ ၂ နာရီတွင်ရောက်ရှိခဲ့ရာ မြန်မာ နိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Ly Quoc Tuan၊ စစ်သံမှူး Mr. Dao Van Duy နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးသည် ဗီယက်နမ် သံရုံးမှသံအမတ်ကြီး၊စစ်သံမှူးနှင့် တာဝန် ရှိသူများကို သံရုံးဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကွယ်လွန်ခဲ့ခြင်း အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ဝမ်းနည်းကြောင်း၊ စာနာထောက် ထားကြောင်းသတင်းစကားကို နှစ်ဦးနှစ်ဖက် အပြန်အလှန်ပြောကြားခဲ့ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရသည်။

မစ္စတာငုယင်ဖူကျောက်သည် ဗီယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးအဖြစ် ၂၀၁၁ ခုနှစ်တွင်စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ၏ သမ္မတအဖြစ် တာဝန်ထမ်းဆောင် ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ပညာရေးကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသိဒ္ဓိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(နေပြည်တော်)ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်တာဝန်ရှိသူများ၊ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ၊ ဆရာမများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ လိုအပ်သည့် အချက်အလက်များကို အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ သင်ကြားမှုစွမ်းရည်မြှင့်တင်ပေးနိုင်မှု အခြေအနေများ၊ ပုဂ္ဂလိကကျောင်းများအစား အခြေခံကျောင်းများတွင်တက်ရောက်စေပြီး အဆင့်မီစွာသင်ကြားပေးနိုင်မည့်အခြေအနေနှင့် ဆရာ၊ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အခြေအနေများ၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ မေးခွန်းပုံစံဖြေဆိုနည်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်သိရှိနားလည် သဘောပေါက်စေရေးအတွက် ကျောင်းများတွင် ဘာသာရပ်ကျွမ်းကျင်ဆရာကြီး၊ ဆရာမကြီးများကို ဖိတ်ခေါ်၍ ဟောပြောပွဲများကျင်းပနိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာသင်ခန်းအတွင်း အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးပြီး အရည်အသွေးပြည့်မီစွာတန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ပညာရည်စစ်ဆေးတိုင်းတာခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်ခြင်းဆောင်ရွက်နေမှုအခြေအနေများ၊ ဗလငါးတန်ပြည့်ဝ၍ ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများမွေးထုတ်ပေးနိုင်သည့် စံပြကျောင်းများဖြစ်စေရေး မိဘ၊ ဆရာ၊ ကျောင်းသားများမှ ကဏ္ဍပေါင်းစုံ ပါဝင်လိုက်နာလုပ်ဆောင်ရမည့်ကိစ္စရပ်များနှင့် သက်ဆိုင်ရာ မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အခြေခံပညာဦးစီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အခြေအနေများကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

(၅၀၁)

# ဆိုက်ဘာလုံခြုံရေးအသိပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်)ကို Online မှ ကျင်းပသွားမည်

**နေပြည်တော် ဇူလိုင် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲ- ၂၀၂၄ (တက္ကသိုလ် အဆင့်)ကို Online မှတစ်ဆင့်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ပြိုင်ပွဲဝင်ဖိတ်ခေါ်ခြင်း အသေးစိတ်အချက်အလက်များကို အောက်ပါ Link တွင် Download ရယူနိုင်ကြောင်း သိရှိရသည်-

https://www.ncsc.gov.mm/CAVC2024_RegistrationForm.pdf

https://www.ncsc.gov.mm/CAVC2024_Announcement.pdf

ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုနှစ်ဆုတို့ ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသော Video ဖိုင်ကို ဘရူနိုင်းနိုင်ငံတွင်ကျင်းပမည့် ASEAN-JAPAN Cybersecurity Awareness Video Competition-2024 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု ပေးပို့ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ဝက်ဘ်ဆိုက် www.ncsc.gov.mm သို့လည်းကောင်း ဖုန်းနံပါတ်- ၀၆၇-၃၄၂၂၂၇၂ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများကို ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏သားသမီး၊ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့်"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" အတွက် လိုအပ်သော နည်းပညာမြင့်မားတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝမှုတို့သည် ပညာရေးမြင့်မားခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ ကျောင်းသားမိဘဝန်ထမ်းများအနေဖြင့် သားသမီးများကို ပညာအမွေလက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန်လိုကြောင်း၊ ထို့ပြင် "စဉ်ဆက်မပြတ်ကိုယ်တိုင်လေ့လာသင်ယူမှု" သည်လည်း အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ်ကိုယ်တိုင်လေ့လာ သင်ယူနိုင်စေရန် အခြေခံအကျဆုံး Infrastructure သည် စာကြည့်တိုက်များဖြစ်ပြီး "စာမတတ်သူပပျောက်ရေး"မှသည် "စာမဖတ်သူပပျောက်ရေး"ကိုလည်း စာဖတ်ရှိန်မြှင့်တင်၍ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ခြောက်ဘာသာဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်နှင့် ဒုတိယဝန်ကြီး၏ဇနီးက ငါးဘာသာဂုဏ်ထူးရှင်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၂)နှင့် အရာရှိကြီးများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များကိုလည်းကောင်း ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏သားသမီး ကျောင်းသား၊ ကျောင်းသူများအနက်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ဦးရေ ၆၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၇၉၇ ဦး တို့ကို ဒုတိယအကြိမ် ပညာသင်စရိတ်အဖြစ် ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး တက်ရောက်ရန်

# ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာအကြီးအကဲများနှင့် အဖွဲ့ဝင်များ နေပြည်တော်သို့ ရောက်ရှိ





**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIM-STEC National Security Chiefs' Meeting)သို့တက်ရောက်ရန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဇနီးများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။ နေပြည်တော်သို့ရောက်ရှိလာကြသော အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H. E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H. E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ Ms. Kan-yarat Angkanavisalya တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့အတူ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်မည့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H. E. Mr. Indra Mani Pandey နှင့် ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ဦးစွာ ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများကို ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက်ပြခန်း၊ ပြကွက်များပြသထားမှုကို ရှင်းလင်းပြောကြားပြီး ထူးချွန်ဆုရ စစ်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများသည် ပြတိုက်အတွင်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့နောက် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်တွင် အမှတ်တရဓာတ်ပုံရိုက်စဉ်။**



# စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး၏ အစီအစဉ်များသတ်မှတ်ခြင်း၊ အစီရင်ခံစာများအတွက် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသတွင်းအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တန်ပြန်တိုက်ဖျက်ရေး မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ အကြိုညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် အတွင်းရေးမှူးချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃- ၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိအဘယာရာမ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၄၀ တို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ကျိုက်ထိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ခြောက်ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ငါးဦးကိုလည်း ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ကျောက်တန်းကလေးကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာမှ ပြည်သူ ခြောက်ဦးသေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပိန္နဲကုန်းကျေးရွာမှ ပြည်သူ ငါးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင် လွဲမှားဖွယ်လုပ်ကြံရေးသားထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကျောက်တန်းကလေးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၈၀၀ ခန့် အကွာသို့ရောက်ရှိစဉ် အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာအနီးတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းခဲ့ရာ တရားမဝင်သယံဇာတများတူးဖော်ရာတွင် အသုံးပြုမည့် ဘက်ဟိုးယာဉ် တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း၊ထိုသို့တိုက်ပွဲဖြစ်ပွားမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ပြည်သူများကို ဖမ်းဆီးခြင်းများလည်း မရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ၎င်းတို့ဆက်လက်ရပ်တည်နိုင်ရေးအတွက် ပြည်သူများထံမှ အတင်းအဓမ္မငွေကြေးတောင်းခံခြင်း၊မူးယစ်ဆေးဝါးများရောင်းချခြင်းနှင့် သဘာဝသယံဇာတများကို တရားမဝင်တူးဖော်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် သတင်းတု၊ သတင်းမှားများဖြင့် အများပြည်သူကို ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အမျိုးသားယဉ်ကျေးမှုကိုထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်" တေးသီချင်း ဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား၊ အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကို လိုက်လံမေးမြန်း၍လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan HtetAung အပါအဝင် သက်ဆိုင်သူတို့ကို ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အချို့သောတေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူတကွ နားထောင်ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သောရိုက်ကူးထုတ်လွှင့်ပြသမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရသဖြင့် လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်သော၊ ညစ်ညမ်းသောအပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်များအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ခဲ့ပြီးဖြစ်သည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုကိုထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်"တေးသီချင်းဗီဒီယို၏ စီစဉ်သူဒါရိုက်တာ ရွှေလက်အောင်မင်းကို ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ထို့ပြင် လိင်ဆက်ဆံမှုဆိုင်ရာညစ်ညမ်းမေးခွန်းများကို အမျိုးသား၊ အမျိုးသမီးများကို လိုက်လံမေးမြန်း၍ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာအသုံးပြုကာ လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် **Nyein Chan Htet Aung** အပါအဝင် သက်ဆိုင်သူများကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)ဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့မရဲစခန်း၌ သက်ဆိုင်ရာက အမှုဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုကားများ၊ တေးသီချင်းဗီဒီယိုများရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့်ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများမပြုကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Shine Htet Phyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်နေ သန့်ဇင်မျိုးအား ညနေ ၃ နာရီခွဲတွင် ကျည်တောင်ကန် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# စစ်ကိုင်းခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၈၈၅၄ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၈၈၅၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၄၁၉၇ ဧက၊ မြင်းမူမြို့နယ်တွင် ၁၉၅၅ ဧကနှင့် မြောင်မြို့နယ်တွင် ၂၇၀၂ ဧက စုစုပေါင်း နွေစပါး ၈၈၅၄ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၇ ဒသမ ၈၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်အတွင်း နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါးဧက ၈၈၅၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာအသုံးပြုနည်း၊ ပိုးသတ်ဆေးသုံးနည်း စသည့် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေသီးနှံစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု မရှိစေရေးနှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေးအတွက် နည်းပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကော့ခမိတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ခမိတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုး၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ (နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့်ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကော့ခမိတ်ကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးမင်းဝေဖြိုးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကော့ခမိတ်ကျေးရွာ၌ အရှည်သုံးဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၈၅ ဒသမ ၆၄၆သန်းဖြင့် ဇော်ထွေးကုမ္ပဏီက ယခုနှစ် ဇွန် ၁၀ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကော့ခမိတ်ကျေးရွာရှိ အိမ်ခြေ ၁၃၀၊ လူ ၈၂၉ ဦးတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးထံမှ သိရသည်။ **ဆက်လှ**

## စာအုပ်စာပေ လူ့မိတ်ဆွေ


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ဆီးချိုသွေးချိုရောဂါရှင်များကျန်းမာဖို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြပါစို့

ကာကွယ်ဆေး မထိုးနှံဖြစ်စေသော အကြောင်းအရင်းများ

- ရောဂါအခံရှိသောကြောင့် ကာကွယ်ဆေးထိုးနှံရမည်ကို ကြောက်ခြင်း
- မိမိသောက်နေကြဆေးများနှင့် ကာကွယ်ဆေး ဓာတ်မတည့်ဖြစ်မည်ကို ကြောက်ခြင်း
- ဆေးထိုးစခန်းများသို့လာရောက်ရန်ခက်ခဲခြင်း
- ပတ်ဝန်းကျင်မှပြောသော သတင်းစကားအမှားများကြောင့် ကာကွယ်ဆေးမထိုးနှံခြင်း
- မိသားစုဝင်များမှ အသက်ကြီးသဖြင့် ကာကွယ်ဆေးထိုးနှံရန် မလိုအပ်ဟု ထင်မြင်၍ လာရောက်မထိုးပေးခြင်း




ကာကွယ်ဆေး ထိုးနှံသင့်သော အကြောင်းအရင်းများ

- ရောဂါအခံရှိသူချင်းအတူတူ ကာကွယ်ဆေးထိုးနှံထားသောသူက မထိုးထားသူထက် ကူးစက်နိုင်ခြေ ပိုမိုနည်းပါးခြင်း
- ကာကွယ်ဆေးထိုးနှံပြီးပါက ပုံမှန်သောက်နေကျဆေးဝါးများကို ဆက်လက်သောက်သုံးနိုင်ခြင်း
- ဆေးထိုးစခန်းများသို့ အနီးအနားမှ ရောဂါရှင်များ စုစည်း၍ လာရောက်ထိုးနှံနိုင်ခြင်း
- သက်ကြီးရွယ်အိုများအနေဖြင့် ရောဂါခုခံအားနည်းသဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ပိုမိုလိုအပ်ခြင်း

မိသားစုဝင်များအနေဖြင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ/ဆီးချိုသွေးချိုရောဂါရှိသူများအား ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ခံယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါသည်

ကျန်းမာရေးဝန်ကြီးဌာန၊ တပ်ကုန်းမြို့နယ်အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။



ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်၊
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍ အန္တရာယ်ကြီးမားပါသည်၊







- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်၊

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်၊
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင် ပမာဏ ပြန်တက်လာပါမယ်၊
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်၊
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်၊



# မွေးရပ်မြေ

ထွန်းလှိုင်(မြိုင်)



ဆရာမောင်ထွန်းလှိုင် ဇာတိချက်ကြွေ မွေးရပ်မြေကို မကြာခဏသတိရမြဲဖြစ်လို့ သီတင်းကျွတ်လျှင် ပြန်နေကျ၊ အားမရသေး။ ကဆုန်ညောင်ရေသွန်းပွဲပါ ပြန်လိုက်သေး။ တစ်ယောက်တည်းကနေ ဇနီး၊ သားသမီးရသည်အထိ ပြန်တုန်း။ မွေးရပ်မြေရောက်တော့ ပျော်မဆုံး။

တစ်နှစ်၊ တစ်နှစ်နဲ့ တစ်ယောက်ကနေ လေးယောက်ဖြစ်၊ လုပ်ငန်းတာဝန်တွေကများ၊ သွားမည်ကြံတိုင်း အလုပ်ပေါ်လာလိုက်၊ သွားမည်ကြံတိုင်း အခက်အခဲလေးရှိလာလိုက်နဲ့ မွေးရပ်မြေကို မရောက်ဖြစ်တာ လေး၊ ငါး၊ ခြောက်နှစ် ရှိသွားပြီ။ မိဘတွေလဲ မရှိကြ။ မွေးချင်းဆွေမျိုးတွေဆိုတော့ အနေဝေးသွားတာလဲပါတယ်။ အခုတော့ ဟန်ကျပြီ။ အလုပ်တာဝန်နဲ့ ပြောင်းရွှေ့ရတယ်။

မွေးရပ်မြေ၊ ဟိုးနှစ်ပေါင်းသန်းလေးဆယ်ကျော်က လူတူပရိုင်းမိတ်ရုပ်ကြွင်းတွေ၊ လူ့သမိုင်းစခဲ့တဲ့ ဒေသ၊ အတိတ်ကာလကနေ ယခုတိုင် ကျမ်းပြုပုဂ္ဂိုလ် အကျော်အမော်တွေ အသီးသီးပေါ်ထွန်းခဲ့။ တိပိဋကဓရဘွဲ့နာမတလူလူ များလှဆူဆူ ပေါ်ထွန်းရာဒေသ၊ ရှင်မတောင်သနပ်ခါးမြိုင်၊ တမာမြိုင်၊ ထန်းရိပ်တွေ မြိုင်နေတဲ့ဒေသ၊ မြတ်မြတ်နိုးနိုးချစ်ခဲ့ရတဲ့ ငယ်ကျွမ်းဆွေမလေးကို တယုတယခေါ်သလို ခေါ်လိုက်ချင်ကြတဲ့ "မြိုင်" သို့မဟုတ် "မှိုင်"ရွာဆိုတဲ့ ဒေသလေးပါပဲ။

ဟိုအရင်က မြိုင်ကိုပြန် ပုဂံညောင်ဦးကားခရီးနဲ့ပေါ့။ ခရီးဆက်ပြန်၊ ဧရာဝတီမြစ်ကိုဆန်၊ မော်တော်နဲ့ ပြန်ခဲ့ရ။ ပခုက္ကူမြစ်ဆိပ်တစ်ထောက်၊ ဆိုက်ကား၊ မြင်းလှည်းနဲ့ မြိုင်ဂိတ်ရောက်၊ ဖွတ်ချက်၊ ဖွတ်ချက်ဗွီအိပ်ချက် ပလက်ကားပေါ်တက်၊ ကုန်တစ်ဝက် လူတစ်ဝက်နဲ့ ဟိုနားတိုးပါအုံး၊ ဒီနား ဖယ်ပါအုံး။ တစ်နေရာစာရဖို့အရေး တစ်ယောက်နဲ့တစ်ယောက် နေရာလုရန်ဖြစ်ရင်း စကားများရင်းနဲ့ ပခုက္ကူက ထွက်ခဲ့တယ်။ ချောက်ကံရွာလည်းရောက် တိုနံ့နံ့ကတ္တရာလမ်းပျောက်၊ ဖုန်တစ်ထောင်းထောင်း ချွေးတဒီးဒီးနဲ့ သဲလမ်းပေါ်ရောက်လိုက်၊ မြေနီလမ်းပေါ်ရောက်လိုက်၊ ခပ်ယိုင်ယိုင်သစ်သားတံတားကကျဉ်းကျဉ်း လေးငါးခု၊ တံတားမရှိ။ ချောင်းလေးခုနဲ့ ရေကျော်တွေဖြတ်ပြီး ၂၇ မိုင်ခရီးကို ကိုရွှေကားက ရေဆူ၊ ဘီးကပေါက်နဲ့ သုံး၊ လေးနာရီလောက်စီးမှ မြိုင်ကို ရောက်ရတာ။

အခုတစ်ခေါက် မွေးရပ်မြေကို ပြောင်းလာတော့ အရင်ကလို မဟုတ်တော့။ "အိပ်စပရက်စ်" ကားနဲ့ ပြန်မလား။ ကိုယ်ပိုင်ကားနဲ့ ပြန်မလား။ ချောက်မြို့ အနော်ရထာမြစ်ကူးတံတားကြီးပေါ်ကနေ ဆိပ်ဖြူမြို့မှ တန့်ကြည့်တောင်ပေါ် ကတ္တရာလမ်းအတိုင်း ပခုက္ကူမြို့ကိုဖြတ် မြိုင်လမ်းကိုရောက်တော့ တိုနံ့နံ့ကတ္တရာလမ်းလည်းပျောက်၊ ရှည်ရှည်ကတ္တရာလမ်းရောက်။ ကျယ်ဝန်းခိုင်ခံ့တဲ့တံတားတွေနဲ့ ကားစီးရတာ အချိန်ကုန်သက်သာလိုက်တာ။ နောက်တစ်လမ်း ပြောင်းမယ်ဆိုရင်လည်း ပုဂံညောင်ဦးက မြင်းခြံလမ်းအတိုင်း လက်ပံခြေပေါ်ရောက်၊ ပခုက္ကူညောင်ဦး တံတားကြီးပေါ်ရောက်၊ ကားရောလူပါ စီးပြီးသွားလို့ရသေးတယ်။

မြိုင်ကားလမ်းဘေးတစ်လျှောက်မှာ အရင်က ရှိခဲ့တဲ့ နဘူးချုံတွေ၊ တစောင်းဆူး၊ ယာစည်းရိုးတန်းတွေ အစား အဖိုးတန်ကျွန်းသစ်တွေ၊ ပျဉ်းကတိုး၊ ရေတမာ၊ မဲဇလီစတဲ့ အရိပ်ရပင်တွေအပြည့်နဲ့ တမာပင်တန်းတောင် မျက်နှာငယ်နေရှာပြီ။

အလုပ်စဝင်တုန်းက ၁၉၇၀ ပြည့်နှစ်၊ အဖေပြောဖူးတာ သတိရနေတယ်။ ကျွန်တော် စပြီးတာဝန်ကျရာနေရပ်ကို အဖေလာလည်ဖို့ခေါ်တော့ "လူလေး သားတို့နေတဲ့အရပ်ကို နွားလှည်းနဲ့တောက်လျှောက်မောင်းလို့ရရင် လာခဲ့မယ်ကွာ"တဲ့။

"အဖေရယ် အခုမှာတော့ ဧရာဝတီမြစ်ကူးတံတား၊ အနော်ရထာ တံတားကြီးပေါ်ကနေ လှည်းမောင်းလို့ရပြီလို့"

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ အဖေ့ကို ပြောလိုက်ချင်စမ်းပါဘိ။

"အမေတို့ငယ်ငယ်က မြိုင်နယ်က ထွက်ကုန်ဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ တောင်း၊ ယိုင်လိပ်၊ ဖျာ၊ အညာစောင်၊ အဝတ်အထည်၊ သနပ်ခါး၊ ထန်းလျက်တွေကို ပေါင်းမိုးလှည်းတွေနဲ့ ညဥ့်အိပ်ညဥ့်နေ ပခုက္ကူကိုသွား၊ လှည်းဝိုင်းဖွဲ့ မကုန်မချင်းရောင်း၊ အပြန်ကျဆန်၊ ဆား၊ ငါးပိ၊ ငါးပိကောင်၊ သွပ်၊ သံ လိုအပ်တဲ့ ပစ္စည်းတွေဝယ်တင်ပြီး လှည်းတန်းကြီးတအီအီနဲ့ပေါ့။ တစ်ခါတလေ ဓားပြအတိုက်ခံရသေးတာ လူလေးရဲ့"

အခုတော့ အမေရေ၊ မြိုင်နဲ့ ပခုက္ကူ တစ်နာရီ ကျော်ကျော်နဲ့ရောက်အောင်မောင်းတဲ့ ကားတွေ၊ ကတ္တရာလမ်းတွေ၊ တံတားတွေရှိနေပြီ။ အမေမြင်စေချင်ပါဘိ။

မြိုင်ကိုရောက်တော့ ကားပေါ်က ပစ္စည်းတွေချ၊ အထုပ်တွေသယ်ယူသယ်နဲ့ မောရမှန်းမသိ။ ပီတိတွေဖြစ်နေတယ်။ ဒီတစ်ခါ မွေးရပ်မြေကို ပြောင်းလာရတာ အဆင်ပြေလိုက်တာ။ ညနေစာချက်ဖို့ အဆင်သင့်မရှိသေးတာနဲ့ အပြင်ကိုထွက်ခဲ့တယ်။ တစ်ခါက မှိုင်းရွာတစ်ဖြစ်လဲ မြိုင်ဒေသလေးက အတော့်ကို ပြောင်းလဲနေပြီ။ ညနေစာအတွက် ဝက်သားဟင်း၊ ပဲနောက်ဟင်းချို၊ ပဲကြီးနှပ်၊ ဆီးဖြူသီးထောင်း၊ ငရုတ်သီးစိမ်းငါးပိချက်၊ တို့စရာ တမာရွက်ပြုတ် မိသားစု စားဖို့ဝယ်ခဲ့တယ်။ တရှူးရှူးတရှဲရှဲနဲ့ ခေါင်းမဖော်နိုင်အောင် စားလိုက်ကြတာ။ အညာထမင်း၊ အညာဟင်း မစားရတာကြာပြီ။ နတ်သုဓာတမျှပဲ။ အငယ်ကောင်ကတော့ ငရုတ်သီးစပ်လို့ အော်နေပြီ။ အိမ်နီးချင်းအိမ်က ထန်းလျက်တောင်းကျွေးမှ ငြိမ်သွားတော့တယ်။

နောက်တစ်နေ့နံနက်ကျတော့ ဆရာမောင်ထွန်းလှိုင် ချက်မြှုပ်ရာ "ငှက်ပျောတွင်း"ရွာဘက် လျှောက်လာခဲ့တယ်။ လမ်းဘေးမီးတိုင်တွေနဲ့ လျှပ်စစ်မီးလင်းနေပြီ။ ကျောင်းသားဘဝ ပုဏ္ဏစီမှန်အိမ် မီးထွန်းစာကြည့်ခဲ့ရတာ မြင်ယောင်နေမိတယ်။ အမယ်လေး. . . အရီးတို့အိမ်ရော ဒွေးဂျီးတို့အိမ်ပါ ဖွင့်ပြီး ရေခံနေကြတာပဲ။ ဟန်ကျလိုက်တာ။ ငယ်ငယ်ကလို အတောင် ၇၀ လောက်နက်တဲ့ရေတွင်းမှာ ရေမခပ်ရတော့ဘူး။ သူတို့ကျတော့ ကံကောင်းလိုက်တာ။ ဒွေးလေးတို့အိမ်က ရေစည်လှည်းတောင် ရေကန်ရေမတိုက်ရတာကြာလို့ထင်တယ် လှည်းထောက်တွေ တစ်ချောင်း၊ နှစ်ချောင်း ပြုတ်နေပြီ။

"လူလေးတို့. . . မလေးတို့ လာတယ်ဟေ့"လို့ တစ်ရွာလုံးကြားအောင် အော်လိုက်တဲ့ အမေ့အသံလည်း မကြားရတော့ဘူး။

ကွမ်းတမြုံ့မြုံ့ဝါးနေပြီး ပြုံးပြုံးကြီးကြည့်နေတဲ့ အဖေ့ရဲ့ရုပ်ပုံလွှာလည်း မမြင်ရတော့ပါ။ ကျွန်တော့်စိတ်ထဲ ဟာသွားပြီး ဝမ်းနည်းသလိုလို ခံစားလိုက်ရတယ်။ ဘယ်လိုမှ တားဆီးလို့မရတဲ့မျက်ရည်တွေ စီးကျလာတော့တယ်။

"အစ်ကို လာလေ ဘာရပ်ကြည့်နေတာလဲ။ မမတို့ မပါလာသေးဘူးလား"

ညီလေးရဲ့ခေါ်သံကြားမှ အိမ်ထဲဝင်ဖြစ်တော့တယ်။ ညီလေးကို ပေးစရာရှိတာပေး ခဏနားပြီး-

"လာကြပြန်ပြီလားကွ. . "အရီးပျော့ရင်အသံ။

"ဟုတ်တယ်ဗျို့၊ လာခဲ့ပြန်ပြီ. . "

"အစ်ကို လျှောက်လည်လိုက်အုံးမယ်။ ပြီးမှပဲ ပြန်လာခဲ့မယ်ကွာ"ဆိုပြီး ရွာဦးကျောင်းဘက် ထွက်လာခဲ့တယ်။ အစိုးရမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတွဲထားတော့ ကျောင်းမတက်ခင် ဘုရားရှိခိုးအမျိုးမျိုး၊ နတ်နေ၊ လာဘ်နေ၊ စက်နေ၊ ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တုရက်ရွေးနည်းတွေ သင်ပေးခဲ့တဲ့ ဆရာတော်ဦးယောသကကလည်း ပျံလွန်တော်မူခဲ့ပြီ။ ပုံဝတ္ထု၊ ၅၅၀ နိပါတ်တော်၊ ဒဏ္ဍာရီများဖြင့် ဆိုဆုံးမလေ့ရှိသည့် ဆရာဦးဝဲလည်း မရှိတော့။ ကျေးဇူးကြီးမားလှတဲ့ ဆရာတော်ကြီးနဲ့ ဆရာကြီးဦးဝဲကို ဦးခိုက်ကန်တော့လိုက်ပါတယ်။

"ထွန်းလှိုင်. . မင်း သူများလို ထန်းပင်တက်ရဲတဲ့သတ္တိလဲမရှိ။ သူရဲဘောက ကြောင်သေး။ မင်းငယ်ငယ်က ချူချာလွန်းလို့ ဆန်တစ်ပြည်ငွေတစ်မက်နဲ့ မင်းအမေက ဆရာ့ကိုရောင်းထားတာ။ မင်း စာကြိုးစားပါ။ ကျောင်းဆက်နေရမယ်နော်။ ဆရာကြီးရဲ့ အသံကြားယောင်နေမိတယ်။ ကျောင်းသားချင်း ရန်ဖြစ်ရင် လက်ညှိုးနဲ့လက်ခလယ်အဆစ်နဲ့ပူထူအောင် ခေါင်းကို ခေါက်လေ့ရှိတဲ့ ဆရာကြီးကို မြင်ယောင်နေမိတယ်။ လေးတန်းအောင်တော့ မြိုင်ဒေသကို ကျောင်းဆက်တက်ခဲ့တယ်။ သူငယ်ချင်းတွေကတော့ ကျောင်းထွက်ပြီး မိရိုးဖလာလုပ်ခဲ့တဲ့ ထန်းတက်လုပ်ငန်းကို ကူညီရင်းနဲ့ ထန်းသမားဘဝရောက်သွားကြပြီ။ ကျွန်တော်ကတော့ "ဘွတ်၊ ရှွတ်"တွေ သင်နေရတဲ့ ကျောင်းသားဘဝရောက်သွားပြီ။

အဖေက တောင်သူလုပ်တော့ ခိုင်းနွားကြီးသုံးကောင်နဲ့ နွားသားမိအတွဲ သုံး၊ လေးတွဲလောက်မွေးတယ်။ ကျောင်းမသွားခင် နွားစာရိတ်၊ ကျောင်းကအပြန် နွားစာစဉ်း၊ နွားစာကျွေး၊ နွားချေးကျုံးနဲ့ အိမ်လုပ်ငန်း ကူခဲ့ရတယ်။ တစ်နေ့ရွာမှာ နွားရောဂါတွေဖြစ်တယ်။ သေလိုက်တာ သောက်သောက်လဲပဲ။ အိမ်က နွားလေးနှစ်ကောင်လည်းသေသွားတယ်။ "အောင်နိုင်နတ်"ဖမ်းစားတယ်လို့ ပြောကြတယ်။ ပခုက္ကူက တိရစ္ဆာန်ဆေးကု အင်စပက်တော်မင်း "ဦးမြဖေ" ဆိုလားပဲ သူကြီးမင်းသွားခေါ်လို့ ရောက်လာတယ်။ နွားတွေ ကာကွယ်ဆေးထိုးလိုက်မှ ရောဂါအမြစ်ပြတ်သွားတယ်။ "အောင်နိုင်နတ်"ဖမ်းစားတာ မဟုတ်ဘူးတဲ့။ "ထောင့်သန်းရောဂါ"တဲ့။ လူတောင်ကူးစက်တတ်တယ်ပြောတယ်။ ဟုတ်လိမ့်မယ်။ သုံး၊ လေးရက်လောက်ကြာတော့ အရီးပျော့ရင်နဲ့ ဘထွေးထောင်ညိမ်း အနာတွေပေါက်လာတယ်။ ဆရာချစ်ခင် ဆေးထိုးမှ သက်သာတာ။ ပုံရိပ်တွေလို မြင်ယောင်နေတယ်။

"လူလေး စာကြိုးစားကွာ၊ မင်းကြီးလာရင် အင်စပက်တော်မင်း ဦးမြဖေလို တိရစ္ဆာန်ဆရာဝန်လုပ်ကွာ။ ဒါမှ အိမ်ကနွားတွေကော ရွာထဲက နွားတွေပါ အသက်ကယ်လို့ရမှာကွ"

အဖေ့စကား ကြားယောင်နေမိတယ်။ အဖေ့ဆန္ဒအတိုင်း တိရစ္ဆာန်ဆရာဝန်ဖြစ်လာခဲ့တယ်။ ထန်းသမားကြီးတွေဖြစ်နေတဲ့ သူငယ်ချင်းတွေအိမ်ဘက် လျှောက်လည်ခဲ့ရင်း ဒွေးလေးကောင်းတို့ အိမ်နားရောက်တော့-

"ဟိတ်ကောင်ကြီး မင်း ဘယ်တုန်းက ရောက်သလဲ။ ကလေးတွေရော မပါဘူးလား။ မြိုင်ကို ရောက်လာတာဆို ဟန်ကျတာပေါ့ကွ၊ တို့လဲ အားကိုးရတာပေါ့"

ပုဆိုးခါးတောင်းကျိုက်မဖြုတ်သေး။ ဓားနှီးအိမ်ခါးမှာထိုး။ ထန်းရေအိုးတွေ ထမ်းပိုးနဲ့ထမ်းလာပြီး ထန်းတက်ကပြန်လာတဲ့ သူငယ်ချင်း မောင်လှရွှေကို တွေ့လိုက်ရတယ်။

"မနေ့က ရောက်တယ်ကွ၊ ဘယ်လိုလဲ သူငယ်ချင်း အဆင်ရောပြေရဲ့လား၊ သိန်းဖေတို့၊ တင်ဖေတို့၊ ဒေါ်စိန်တို့၊ သိန်းရွှေတို့ရော နေကောင်းကြလား။ အဆင်ပြေကြရဲ့လား"

"အေးကွာ အဆင်ပြေတယ်တော့ မဟုတ်လှပါဘူး။ မီးပူတာနဲ့ ဒူးခေါက်ကွေးမဲတာ(ထန်းလှီးတဲ့အခါ ရင်းဆွဲထဲ ခြေထောက်ထိုးပြီး ဒူးခေါက်တွေနဲ့ ချိတ်ပြီးမှ လှီးရတာပါ)ပဲ ကျန်ခဲ့တယ်။ တင်ဖေကြီးတော့ ထန်းပင်ပေါ်က လေ့ကားထစ်ပြုတ်ကျလို့ ပွဲချင်းပြီးသေသွားတယ်ကွာ။ ကျန်တဲ့ သူငယ်ချင်းတွေကတော့ ငါ့အတိုင်းပါပဲ။ ကိုင်း. . . အိမ်လာခဲ့အုံးကွာ ထန်းလျက်လေးဘာလေးစားရအောင်။ မိန်းမ ကလေးမွေးနေလို့ ထန်းတက်ကအပြန် ကိုယ်တိုင်မြူအိုးကောက်၊ ကိုယ်တိုင်ထန်းရေထမ်း၊ ကိုယ်တိုင်ထန်းလျက်ကျိုနေရတယ်ကွ"

"တင်ဖေကြီးအတွက် စိတ်မကောင်းပါဘူးကွာ။ အေး. . အေးလာခဲ့မယ်ကွာ"

ထန်းတက်ရတာ အသက်နဲ့ရင်းရတာ။ ပင်ပန်းလှတယ်။ မနက်ဘုန်းကြီးကျောင်းက တုံးခေါက်ရင် အိပ်ရာကထ၊ ထန်းလှီးဓားသွေး၊ ပြီးတာနဲ့ ခါးစပ်ကို ပုဆိုးဟောင်းတစ်ထည်စည်း၊ တချို့ကျတော့လည်း ခါးပတ် အပြားကြီးပတ်၊ အဲဒီခါးကြားထဲ ဓားနှီးအိတ်ထိုး၊ သွေးထားတဲ့ ဓားထည့်။ တည်ခေါက်နဲ့ထုံးထည့်ထားတဲ့မြူအိုးနှစ်လုံး ထမ်းပိုးနဲ့ထမ်း ထန်းတောထွက်ခဲ့ရတယ်။

စာမျက်နှာ ၂၅ သို့ ➤

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နေလှန်းဆားပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်ခိုင်ခိုင်ဇင်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း နေလှန်းဆား ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ငပုတောမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလိုဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်”ဟု ငပုတောမြို့နယ်မှ ဆားထုတ်လုပ် ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်ခိုင်ခိုင်ဇင်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၄၄၅၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

“ဒီနှစ် နေလှန်းဆားက အဝယ်တော်တော်လိုက်နေတယ်။ လက်ရှိအချိန် ဒေသမှာ ဆားလက်ကျန်တွေပဲရှိပါတယ်။ အခုလက်ကျန်ဆားတွေကိုပဲရောင်းနေတာပါ။ အခုလိုဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ တောင်သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးထဲက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဘက်ကိုလဲ တင်ပို့ရောင်းချနေရပါတယ်”ဟု ငပုတောမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်ဆွေသန်းက ပြောပြသည်။ **ကျော်ကျော်လင်း**

## ကြိုးစားလို့ ရှေ့ဆက်မယ်

- အခက်ခဲတွေ မမှုထား
ကြိုးစားလို့ ရှေ့ဆက်မယ်၊
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်စို့ကွယ်၊
ဇွဲ လုံ့လ ဝီရိယကြွယ်
သိကြဖွယ် မမိုက်မှား၊
ဒုစရိုက် အမှောင်ကင်းဖို့
ရှောင်ကွင်းလို့သွား။
- မိဘဆရာ ဆုံးမစကား
မှတ်သားလျက် ဆင်ခြင်ပါ၊
တတ်ပညာ ဗဟုသုတ
ရှာကြကာသာ၊
ဖြူစင်လို့ ရိုးသားကာ
တိုးပွားရာ ဂုဏ်ခနေ၊
ဘဝတာ ပြစ်ကင်းအောင်
ချစ်ခြင်းဆောင်ကြ။
- ရွှေမျက်နှာ ပြုံးမြမြ
မုန်းမပြေ မေတ္တာမူ၊
ကရုဏာ ကြင်နာခေတ်နှင့်
မြင့်မြတ်မှုလူ၊
အချင်းချင်း ဖေးမကူ
တွေးစယူ ကောင်းဖို့တွက်၊
ရှင်သန်ရာ ဘဝလမ်း
ငြိမ်းချမ်းစေလျက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

➤ စာမျက်နှာ ၂၄ မှအဆက်

ထန်းတောရောက်တော့ မီးဖုတ်ပြီးသားမြူအိုးတွေ ကြိုးစွပ်၊ ထန်းလျက်ရင့်အောင်နှင့် အစိုပြန်သက်သာအောင် မြူအိုးတွေထဲ တည်ခေါက်နဲ့ ထုံးနည်းနည်းစီထည့်၊ ထန်းတက်မဲ့အပင်ခြေတွေလိုက်ချ၊ မြူအိုးကောက်အကူပါရင် သက်သာသေး။ မပါလို့ကတော့ ကိုယ်တိုင်ကြဲပေတော့။ ထန်းပင်တက်တော့မယ်ဆိုရင် ခါးနှီးအိမ်မှာပါတဲ့ချွန်းပတ်ချိတ်မှာ မြူအိုးတွေ သုံးလုံးကနေ ငါးလုံးထိ ချိတ်လိုက်ပြီး ထန်းတစ်ပင်ပြီးတစ်ပင် ရင်းထောင်(လှေကား)နှင့်တက်၊ ရင်းဆွဲ(ထန်းပင်ဖျား၊ ထန်းလက်ခွဲပြီး ချည်ထားသော ဝါးလှေကား)ထဲ ခြေထောက်တစ်ဖက်ထိုး တစ်ဖက်က ရင်းဆွဲလှေကားထစ်ပေါ် ရပ်၊ ထန်းနို့ကို မနေ့ကချည်ထားခဲ့တဲ့ ထန်းရည်အိုးတစ်ဝက် သို့မဟုတ် ထန်းရည်အပြည့်ပါတဲ့မြူအိုးတွေ ဖြုတ်၊ ခါးနှီးအိမ်ချွန်းပတ် ကျန်တဲ့ချိတ်မှာချိတ်၊ ခါးနှီးအိမ်ထဲက ဓားနဲ့ ထန်းနို့ကို ပါးပါးလှီး၊ ပါလာတဲ့မြူအိုးအသစ်တွေ ပြန်ဆွဲထားခဲ့။ ထန်းပင်ပေါ်က ပြန်ဆင်းလာတော့ ထန်းရေအပြည့်နဲ့ အိုးတွေကိုချိတ်ပြီး ခါးညွတ်ကျမတတ် ဆင်းလာရတာ ပင်ပန်းလှတယ်။ ဒါပေမဲ့ ပင်ပန်းတယ်မထင်ဘူး။ ထန်းရည်အပြည့်ပါမှ ထန်းလျက်ပိုထွက်မှာလေ။

ထန်းပင်တစ်ပင်နဲ့တစ်ပင် ကူးတဲ့အခါ ပေ ၂၀ လောက်ရှိတဲ့ ရင်းထောင်ကို မပြီးသယ်ရတာ မလွယ်လှဘူး။ ထန်းတက်တုန်း လေကြမ်းလို့ကတော့ ရင်းထောင်ရွှေ့ဖို့ မလွယ်ရေးချမလွယ်။ ထန်းပင်ကလည်း ဟိုယိမ်းဒီနွဲ့နဲ့ လိမ့်မကျအောင် သတိထားရတယ်။ လိမ့်ကျလို့ကတော့ပွဲချင်းပြီးနဲ့ကံကောင်းမှ ခါးကျိုး၊ ခြေကျိုး၊ လူစဉ်မမီတော့ဘူး။ ဒီလိုနဲ့ ဒုက္ခရောက်တဲ့ မိသားစုတွေလည်းရှိတယ်။

မနက် ၉ နာရီလောက်မှထန်းတက်ပြီး ခါးနှီးအိမ်ဖြုတ်၊ အိမ်ကလာပို့တဲ့ ထမင်းကြော်၊ ပဲကြီးလှော်သုပ်၊ တစ်ခါတလေ လက်ဖက်သုပ်၊ ငါးပိဖုတ်၊ ငရုတ်သီးထောင်း ဖိုးလို့ဖက်လက်၊ ကံကောင်းမှ ငါးပိကောင်ကြော်၊ ရွှေဒင်္ဂါးငါးခြောက်ကြော်၊ ဆာဆာနဲ့ ကမန်းကတန်းစား၊ အေးစက်နေတဲ့ ရေနွေးကြမ်းပန်းကန်မလို နှုတ်သီးပါးစပ်ထဲတေ့ ဆက်တိုက်သောက်လိုက်တာ တစ်အိုးလုံးကုန်မှ အဆာပြေသွားတယ်။ ပင်ပန်းတာကိုး။ ခဏတဖြုတ်နား၊ ထင်းရှာ၊ ရင်းဆွဲပြင်၊ ရင်းထောင်ပြင်၊ ထန်းလှီးဓားသွေး၊ မြူအိုးပြန်ဖုတ်၊ လုပ်မလို့ကြံတုန်းရှိသေး ၃ နာရီ သံချောင်းခေါက်သံကြားတော့ ဖိနပ်မပါ၊ ခြေဗလာနဲ့ ပူရမှန်းမသိ။ ခြေထောက်က ဂျွတ်တက်နေပြီ။ ထန်းတစ်ခါပြန်တက်။ မိုးကြီးလုံးလုံးချုပ်မှ ပြန်။ အိမ်ရောက်တော့ ထန်းရေမသိုးအောင်နွေး။ ပင်ကျရေလေးတစ်ခွက် တစ်ဖလားသောက်။ ပဲကြီးလှော် လေးငါးစေ့မြည်း။ ထမင်းစားပြီးအိပ်လိုက်တာ တောင်တောင်အီအီ စဉ်းစားစရာမလို။ တုတ်တုတ်မျှမလှုပ် တုံးခေါက်မှ နိုးတော့တယ်။

ဒီလိုနဲ့ နိစ္စဓူဝလုပ်နေရတာ ထန်းရာသီကုန်သည်ထိ။

ထန်းတက်ရတာ မိသားစုအားလုံး အလုပ်ရတယ်။ မြူအိုးကောက်၊ ထန်းလျက်ကျို၊ ထန်းလျက်လုံးနဲ့ မီးဖိုနားတစ်နေကုန်နေရတာ ပူကပူ၊ အိုက်ကအိုက်နဲ့ အလုပ်နဲ့လက်နဲ့ အားတယ်မရှိဘူး။ လူငှားကလည်း မတတ်နိုင်။ ဒီတော့ သုံးတန်း၊ လေးတန်းသားသမီးကို ကျောင်းထုတ် ထန်းရာသီကုန်တော့ ကျောင်းပြန်ထား၊ စာမေးပွဲကျ၊ စာတော့ကျေပါရဲ့ ဒါပေမဲ့ . . .

“လေးဖက်သွားတဲ့ ကလေးငယ်ရှိရင်လဲ သတိထားရတယ်။ ထန်းလျက်အိုးမွှေ၊ ထန်းလျက်လုံးတုန်း ကလေးက လာနှိုက်၊ လက် ထန်းလျက်ပူလောင်။ မီးကွင်းဂမုန်းရွက်ထုလိမ်း။ ငံပြာရည်လိမ်းနဲ့ ဆေးကုရတဲ့ ကလေးတွေလဲ ရှိသေးတယ်ဟေ့။ ကျုပ်တို့ ကုတတ်သလို ကုတာပဲ”

သူငယ်ချင်း လှရွှေရဲ့ ဇနီးအသံ။

ထန်းသမားဘဝ ထန်းပိုင် မရှိကြတာများတယ်။ အငှားတက်ရတာ။ ထန်းတစ်ပင် ထန်းလျက်သုံးပိဿာ “ထန်းစု”ပေးတက်ရတာ။ တချို့ကျတော့လည်း သုံးနေ့တစ်နေ့ အလှည့်ပေးရတယ်။ တချို့ကျတော့လည်း အိုး၊ ကြိုး၊ ထင်းစိုက်ရင် ထန်းပိုင်က တစ်နေ့၊ ထမ်းသမားက နှစ်နေ့၊ တချို့ကျတော့လည်း အိုး၊ ကြိုး၊ ထင်းကို ထန်းပိုင်က စိုက်၊ ထန်းသမားက တစ်နေ့၊ ထန်းပိုင်က နှစ်နေ့ ဘာတတ်နိုင်မှာလဲ အလုပ်မရှိတော့လည်း လုပ်ရတာပေါ့။

ထန်းသမားတစ်ယောက်ဟာ တစ်နေ့ ထန်းလျက် အချိန် ၂၀၊ ၂၅ ပိဿာ ထွက်တယ်။ ထန်းဖို၊ ထန်းမ လေး၊ ငါးလလောက် ထန်းတက်ရတယ်။ ထန်းလျက်လှိုင်လှိုင်ရတာကတော့ သုံး၊ လေး၊ ငါးလပါ။ ထန်းလျက်ဈေးကောင်းရင် ဝင်ငွေကောင်းပါရဲ့။ ဒါပေမဲ့ တစ်နှစ်စာ ထိုင်စားတာ။ ဝင်ငွေနဲ့ထွက်ငွေမမျှတော့ ထန်းလျက်ပွဲစားဆီက ကြိုတင်ငွေယူ ထန်းပေါ်တော့ ထန်းလျက်သွားရောင်း ဈေးကနှိမ်နဲ့ အကြွေးသံသရာလည်နေတယ်။

နေ့ချင်းညချင်း ချမ်းသာကြတာကတော့ ထန်းလျက်ပွဲစားတွေပဲ။ ရွာလယ်က အရီးသာအေးတို့၊ မြောက်ပိုင်းက ကိုအေးကျော်တို့ သူတို့ သားသမီးတွေ အိမ်ကြီးရခိုင်နဲ့။ ထန်းပေါင်ယူ၊ ယာပိုင်ယူနဲ့ ငွေတိုးကလေးပေးလိုက်သေး။ မချမ်းသာဘယ်ခံနိုင်ပါ့မလဲ။ ထန်းလျက်လည်း အငွဲ့ဝယ်တယ်။ အငွဲ့ဆိုရင် ပေါက်ဈေးထက် လျော့စမြဲ။ ထန်းတစ်ရာသီစားဖို့ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ လက်ဖက်ခြောက်ကအစအကြွေးပေးတယ်။ လိုသလောက်ယူစားကြတဲ့။ အတိုးပေးစရာမလိုဘူး။ သဘောကောင်းတယ်လို့တော့ ထင်ရတယ်။

ဒါပေမဲ့ ထန်းလျက်ကိုတော့ သူ့ဆီရောင်းတဲ့။ အပြင်မှာ တစ်ပိဿာ တစ်ရာကျပ်ဆို ကိုးဆယ်ကျပ်ပဲ ချေတယ်။ ယူတော့လည်း ရာဇူချိန်ခွင်ကြီးနဲ့ ချိန်တယ်။ အလေးကျတော့လည်း စဥ့်အိုးကွဲ၊ ကျောက်ခဲ ပိဿာလေး တိုက်ထားတာလို့ပြောတယ်။ မှန်၊ မမှန်တော့ ပွဲစားမှသိမယ်။ အလေးပေါ်လည်း တင်၊ ဈေးပေါ်လည်း တင်၊ ထန်းလျက်ဈေးကတော့ လျှော့ချ၊ ထန်းတက်သမားဘဝကတော့ မီးကပူ၊ ကြေးကထူနဲ့ အကြွေးကပါ ထူနေတော့တာပဲ။

သူငယ်ချင်းတွေရဲ့ ညည်းတွားသံအပြည့်တွေနဲ့။

ဒါပေမဲ့ ထန်းလျက်ပွဲစားတွေကတော့ ဗီဒီယိုရုံတွေထောင်လိုက်သေး။ တစ်ကား ၅၀ တဲ့။ ပိုက်ဆံမပေးနိုင်ရင် ထန်းလျက်အစိတ်သား။ နှမ်းဆိုတစ်ပုံး။ မြေပဲကျတော့ လေးပုံး။ ထန်းမတက် ယာမလုပ်တဲ့ ကလေးတွေကျတော့ နွားဈေးခြောက်တစ်ပြည်ယူတယ်လို့ အရီးကျော့ရင်က ပြောတယ်။

“ယာသမားတွေက မိုးမှန်ရင် ပဲတွေ၊ နှမ်းတွေရလို့ အဆင်ပြေ။ မိုးခေါင်ရင်လည်း ကျောက်စရစ်မြေ၊ ကျစ်မြေမှာပေါက်တဲ့ သနပ်ခါးခုတ်ရောင်း။ အခုတော့ သနပ်ခါးစိုက်လို့ ကြီးပွားနေကြပြီတဲ့။ သနပ်ခါးကတော့ မိုးခေါင်လည်းကိစ္စမရှိ။ အပွေးတက်လို့ ပိုတောင်မွှေးသေး။ အရောင်းအဝယ်လုပ်လို့ အဆင်ပြေကြတယ်။ မိရိုးဖလာ သိုး၊ ဆိတ်မွေးတဲ့သူလည်း အဆင်ပြေတယ်။ မြိုင်ဆိုတဲ့ ဇာတိမြေကလည်း အဆင်ပြေနေကြတယ် ဒကာကြီးရဲ့”ရွာဦးကျောင်းထိုင် ကိုယ်တော်လေးရဲ့ မိန့်မှာသံ။

အဆင်မပြေကြတာကတော့ အလုပ်နဲ့လက် မပြတ်လုပ်နေရတဲ့ အငှားတက် “ထန်းစု”ပေးတက်နေရတဲ့ ထန်းသမားဘဝ၊ ဂျာအေးသူ့အမေ ရိုက်နေကြတဲ့ဘဝကလေးက ရုန်းထွက်နိုင်အောင် မွေးရပ်မြေတာဝန်ကျတုန်း စီစဉ်ပေးရအုံးမယ်။

လူပိုလဲရှိတယ်။ စားကျက်လဲ အဆင်သင့်ရှိတယ်။ အရင်းအနှီးနည်းပြီး အမြတ်များတဲ့ ဆိတ်မွေးမြူခိုင်းရမယ်။ တစ်နှစ်ကို ဆိတ်မ တစ်ကောင်၊ နှစ်ကောင် တစ်ဗိုက်မွေးမယ်။ တစ်ဗိုက်အသာထား နှစ်သားမွေးတော့ နှစ်ကောင်တိုးမယ်။ အမြွှာပါရင် ထပ်တိုးမယ်။ ဆိတ်မဆယ်ကောင်၊ ဆိတ်ထီးတစ်ကောင်မွေးခိုင်းရင် အသေအပျောက်နုတ်၊ တစ်နှစ်ဆယ့်လေးငါးခြောက်ကောင်တိုးမယ်။ နှစ်နှစ်လောက်မွေးလိုက်ရင် အကောင် ၄၀ ကျော်တိုးမယ်။ ဒါဆိုဘာလိုသေးသလဲ။ အရင်းအနှီး အရင်းအနှီးလိုမယ်။ ဘယ်ကရမလဲ။ ဟုတ်ပြီ။ မွေး/ရေဘဏ်က မွေးမြူရေးချေးငွေတွေ ချေးနေတာပဲ။ အဆင်သင့်တင်ပြမယ်။ မွေးဖြစ်အောင်မွေးခိုင်းမယ်။ ကာကွယ်ဆေး၊ ကုသဆေး တာဝန်ယူပေးမယ်။ ဒီလိုဆို ထန်းသမားဘဝက အကြွေးကင်းပြီး သူဌေးမင်းတွေဖြစ်အောင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မည့်အတွေးနဲ့ အပြန်လမ်းမှာဖြင့် ပီတိတွေလွှမ်းလျက် . . . ။

# ကဏန်းပျော့၏ ထူးခြားသောသဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမည‌မြေ)

ကဏန်းများသည် ကမ္ဘာ့သမုဒ္ဒရာရေပြင် ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိပြီး ကမ္ဘာအနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၆၇၀၀ ကျော်ရှိပြီး ကဏန်းအုပ်စုပေါင်း ၉၃ စု ခန့်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသောကဏန်းများမှာ ရွှံ့ကဏန်း၊ ကဏန်းမဲ၊ ကဏန်းချေးပုန်း၊ ကဏန်းပြာ၊ သဲကဏန်း၊ ကဏန်းနီတို့ဖြစ်ကြပြီး အခြားကဏန်း မျိုးစိတ်ငယ်များမှာ ခြေနီကဏန်း၊ ကဏန်းဖြူ၊ အုန်းကဏန်း၊ ဝသုံးလုံးကဏန်း၊ မျောက်ကဏန်း၊ ကဏန်းယပ်တောင်၊ တယောထိုးကဏန်း စသည်ဖြင့် ရှိသည်။ ကဏန်းမျိုးစိတ်များတွင် ကဏန်းပျော့မှာ အရေခွံလဲထားသောကဏန်းဖြစ်ပြီး စီးပွားရေးအရ အရေးပါသော ရေထွက်ပို့ကုန်တစ်မျိုးဖြစ်သည်။

**ကဏန်းသွင်ပြင်လက္ခဏာ**

ကဏန်းတွင် ခြေချောင်းငါးစုံပါရှိပြီး ပထမခြေချောင်းကို ကဏန်းလက်မဟု လူသိများသည်။ ကဏန်း၏အပေါ်ခွံအရောင်သည် ရွှံ့နှစ်ရောင်ရင့်ရင့်ဖြစ်သည်။ ကဏန်းကို အထီး၊ အမများ ခွဲခြားရန်အတွက် ဝမ်းဗိုက်ပိုင်းကို လှည့်ကြည့်ခြင်းအားဖြင့် ရင်ဘတ်အဖုံးအပြား(ချက်ပြား)၏ အနေအထားကို ကြည့်၍ လွယ်ကူစွာခွဲခြားနိုင်သည်။ ကဏန်းအမမှာ ဝမ်းဗိုက်ပြည့်လုနီးပါး (ဂ)ပုံသဏ္ဌာန်ရှိပြီး အထီးမှာ ချက်ပြားငယ်၍ ထိပ်ချွန်ချွန်(တြိဂံ)ပုံရှိသည်။ကဏန်းများမှာ အသက် တစ်နှစ်၊ နှစ်နှစ်အရွယ်တွင် မျိုးပွားနိုင်ကြပြီး ကဏန်းအမမှာ ဥပေါင်း တစ်သိန်းကျော်ထိ ဥ ဥနိုင်သည်။ အသက် ရှစ်နှစ်မှ ၁၃ နှစ်ထိ သက်တမ်းရှည်ကြသည်။ ကဏန်းများတွင် လက်မတစ်စုံအပါအဝင် စုစုပေါင်းခြေလက် ငါးစုံပါဝင်သည်။ ကဏန်းများတွင် ကဏန်းမာထက် ကဏန်းပျော့မှာ လူကြိုက်အများဆုံးဖြစ်ပြီးမွေးမြူရေးလုပ်ငန်းများ၌ တွင်ကျယ်စွာမွေးမြူနေကြပြီဖြစ်သည်။ ကဏန်းပျော့တွင် သဘာဝကဏန်းပျော့နှင့် မွေးမြူရေးကဏန်းပျော့ဟူ၍လည်းရှိသည်။

**ကဏန်းပျော့အရေခွံလဲခြင်း**

ရေငန်ကဏန်းများသည် ပုံမှန်အတိုင်းဆိုလျှင် ရက်ပေါင်း ၄၅ ရက်နှင့် ရက် ၉၀ အတွင်းတွင် အရေခွံလဲတတ်ကြသည်။ ထို့ပြင် ကဏန်းများသည် ၎င်းတို့၏ ခန္ဓာကိုယ်မှ အင်္ဂါအစိတ်အပိုင်းတစ်ခုခု ဥပမာအနေဖြင့် လက်ချောင်းလေးများ တစ်နေရာရာ၌ ကျိုးပဲ့သွားလျှင်လည်း အရေခွံလဲကြပြီး ခန္ဓာကိုယ်မှာမူလအတိုင်း အကောင်းပကတိ ပြန်ဖြစ်သွားတတ်ကြသည်။ အရေခွံလဲပြီးလျှင် ရှစ်နာရီအတွင်း၌ အရေခွံများပြန်မာသွားတတ်သကဲ့သို့ အရေခွံလဲပြီးပြီးချင်း ရေချိုနှင့်စိမ်ခံရလျှင်လည်း အခွံမှာပျော့နေပြီး ရေငန်ပြန်စိမ်ပါက အခွံပြန်မာသွားသည်။ ထို့ကြောင့် ကဏန်းပျော့မွေးမြူကြသူများသည် အရေခွံလဲပြီး ပျော့နေသောကဏန်းများပြန်ပြီးမမာသွားရအောင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးနေရသည်။ အများအားဖြင့် ကဏန်းပျော့မွေးမြူရေးသည် သဘာဝအတိုင်းအရေခွံလဲသည်ကိုစောင့်ဆိုင်းပြီး လုပ်ကိုင်ကြသည်။

**သဘာဝကဏန်းပျော့၏ အလေ့အထ**

သဘာဝကဏန်းပျော့သည် ကဏန်းအခွံမာလာလျှင် တစ်ကိုယ်လုံးအရေခွံလဲလေ့ ရှိတတ်ကြသည်။ ကဏန်းအထီးမှာ ကဏန်းအမအရေခွံလဲပြီဆိုပါက ခြေလက်ငါးစုံနှင့် ကဏန်းအမတစ်ကောင်လုံးကို ဖက်တွယ်ထားတတ်သည်။ ကဏန်းကိုယ်လုံး ဘေးတစ်ဖက်တစ်ချက်တွင် အဖျားချွန်ပြီး အဆစ်များပါသည့် ခြေ၊ လက်များရှိကြသည်။ ကုန်းပေါ်သွားလျှင် ခြေထောက်အဖြစ်သုံးပြီး ရေထဲတွင်လက်အဖြစ် ရေကူးသွားနိုင်သည်။ အောက်ဆုံးရှိ အဆစ်တစ်ချောင်းမှာ ခပ်ပြားပြား ဖြစ်နေသည်။ လှော်တက်ပြားကဲ့သို့ ရေကိုယက်ပြီး ကူးခတ်နိုင်ရန် သဘာဝကဖန်တီးပေးထားသည်။ လက်မကြီးနှစ်ချောင်းမှာလည်း



ပြုတ်တူလို အဖျားချွန်ထက်ပြီး လိုသလိုညှပ်၍ရသည်။ ကဏန်းသဘာဝမှာ အလွန်အသက်ပြင်းသော်လည်း မျက်စိနှစ်လုံးမှာ အညာတံရှိပြီး မျက်ခွံမရှိသောကြောင့် ဖုံးကွယ်မထားနိုင်၍ မျက်စိကိုမတော်တဆ ခြင်ကိုက်ပါက ကဏန်းသေတတ်သည်။ မျက်စိနှစ်လုံးအောက်ဘက်တွင် အခွံမာနှစ်ခုစီဖုံးထားသည့်ကဏန်းပါးစပ်ပေါက်ရှိပြီး ပါးစပ်ထဲတွင် သွားသေးသေးလေးရှိသည်။ ကဏန်းအထီးမှာ ကဏန်းအမကို လက်မကြီးနှစ်ချောင်းနှင့် အချိန်ပြည့် အကာအကွယ်ပေးထားသည်။ ကဏန်းအမမှာ လေးရက်၊ ငါးရက်ကြာသည်ထိ အရေခွံနုရာမှ အရေခွံမာလာပြီးပါက ကဏန်းအထီးမှ အရေခွံမာကို ခွာချပေးသည်။ ထိုရက်များတွင် ကဏန်းအထီးမှာ အစာလုံးဝမစားဘဲ ကဏန်းအမကို စောင့်ရှောက်သည်။ သို့သော် ကဏန်းအထီးအရေခွံလဲပါက ကဏန်းအမရောက်လာပြီး ကဏန်းအထီးတစ်ကောင်လုံးကို သူ့လက်မနှင့်ညှပ်ပြီး စားပစ်လေ့ရှိကြသည်။ ထိုကား သဘာဝကဏန်းပျော့များ အရေခွံလဲခြင်းဖြစ်သည်။

**ကဏန်းပျော့စွန့်ပစ်ပစ္စည်းအသုံးဝင်ပုံ**

ကဏန်းပျော့များအရေခွံလဲပြီး ကြွင်းကျန်သောအခွံ၊ အသေများကို ကျွမ်းကျင်သူများ၏ အကူအညီနှင့် သဘာဝမြေဩဇာအဖြစ်ထုတ်လုပ်နိုင်သည့်အတွက် စွန့်ပစ်စရာမလိုသော ရေထွက်ကုန်ပစ္စည်းဖြစ်သည်။ ကဏန်းပျော့စွန့်ပစ်ပစ္စည်းမှသဘာဝမြေဩဇာအဖြစ် ထုတ်လုပ်ပုံမှာ ကဏန်းအသေများနှင့်အရေခွံလဲ၍ ထွက်ရှိလာသော ကဏန်းအရေခွံများကိုနေလှန်းကြိတ်ခြေပြီး အရိုးမှုန့်ဓာတ်မြေဩဇာနှင့်အပင်များအတွက် လိုအပ်သောကဏန်းအမိုင်နိုအော်ဂဲနစ်ဆေးရည်အဖြစ် ထုတ်လုပ်သည်။ ရရှိလာသောသဘာဝမြေဩဇာများကို ဈေးကွက်အတွင်း ကဏန်းအမိုင်နိုအော်ဂဲနစ်ရွက်ဖျန်းဆေးရည်နှင့် သဘာဝမြေဆီလွှာပြုပြင်ဆေးများကို ပြည်တွင်း၌ဖြန့်ဖြူးရောင်းချသည်။

**ပြည်ပတင်ပို့မှု**

ကဏန်းပျော့ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အပြင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာနှင့်ရခိုင်ပြည်နယ်တို့၌လည်း မွေးမြူကြပြီး ပြည်ပနိုင်ငံများဖြစ်သော ထိုင်း၊ စင်ကာပူ၊ တရုတ်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချကြသည်။

**ကဏန်းစားဖွယ်စုံ**

ကဏန်းပျော့မှာ တစ်ကောင်လုံးစားသုံး၍ရပြီး လူကြိုက်များလှသည်။ ကဏန်းအသားမှာ အလွန်ချိုပြီးနူးညံ့လှသည်။ ကဏန်းနှင့် ပတ်သက်သည့် နာမည်ကြီးဟင်းလျာများမှာ ကဏန်းမဆလာချက်၊ ကဏန်းချဉ်စပ်၊ ကဏန်းပျော့တန်ပူရာကြော်၊ ကဏန်းဘာဂါ၊ ကဏန်းပေါင်း၊ ကဏန်းပင်လယ်စာထောင်း၊ ကဏန်းအသားထွင်းကြော်၊ ကဏန်းကြော်ချက်၊ ကဏန်းပျော့ ငရုတ်ကောင်းကြော် စသည့်ဟင်းလျာများဖြစ်ပြီး လူကြိုက်များလှသည်။

**ကဏန်းစားသုံးခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများ**

**အသားဓာတ် (Protein) ကြွယ်ဝစွာပါရှိခြင်း**

ကဏန်းတစ်ကောင်တွင် အသားနည်းနည်းသာပါသော်လည်း အသားဓာတ်(Protein)များ ကြွယ်ဝလှပေသည်။ ထိုအသားဓာတ်မှာ အရည်အသွေးမြင့်မားပြီး အမဲသား၊ ဆိတ်သားတို့ကဲ့သို့ အကြောများမပါဝင်သဖြင့် အစာကြေလွယ်ပြီး အသက်အရွယ်မရွေး စားသုံးနိုင်သည်။

**ဗီတာမင်နှင့်သတ္တုဓာတ်များစွာပါဝင်ခြင်း**

ကဏန်းတွင် ဗီတာမင်ဓာတ်(Vitamin) နှင့် သတ္တုဓာတ် (Mineral)များစွာပါဝင်ပြီး အဆီဓာတ်နည်းကာ Omega-3 ပါဝင်သည်။ ပါဝင်သည့် Omega-3 သည် အသီးနှံ၊ ဆီများတွင် ပါဝင်တတ်သည့် သာမန် Omega- 3 မဟုတ်ဘဲ Long-Chain Omega-3 ဖြစ်သောကြောင့် ကျန်းမာရေးကို အထောက်အကူပြုပြီး စိတ်လှုပ်ရှားမှုပြင်းခြင်းကို တားဆီးပေးခြင်း၊ ကဏန်း ၁၀၀ ဂရမ်တွင် တစ်နေ့တာ လိုအပ်သည့် Omega-3 သုံးပုံတစ်ပုံ ပါဝင်သည်ဟု သိရသည်။

**ဆယ်လီနီယမ် (Selenium) ကြွယ်ဝစွာပါရှိခြင်း**

ကဏန်းတွင် Selenium ဓာတ်ပါဝင်ပြီး Selenium ဓာတ်မှာ ခန္ဓာကိုယ်ခုခံအားစနစ်တွင် အရေးပါသည့်နေရာမှပါဝင်ပြီး ဆဲလ်၊ တစ်သျှူးများ ထိခိုက်ခြင်းမှ အကာအကွယ်ပေးသည်။ ကဏန်းတွင်ပါဝင်သည့် Selenium ပမာဏမှာ အမဲသားတွင်ပါဝင်သည့် Selenium ပမာဏထက် ၁၂ ဆ ပိုများသည်ဟု သိရသည်။

**ဗီတာမင်ဘီ–တူး(Vitamin B2)ကြွယ်ဝစွာပါရှိခြင်း**

ကဏန်းတွင် ဗီတာမင် ဘီ-တူး လည်းပါဝင်သောကြောင့် ဗီတာမင် ဘီ-တူးမှာ သွေးနီဥများထုတ်လွှတ်ရန်အတွက် အရေးပါပြီး အရေပြား၊ မျက်စိနှင့် အာရုံကြောများအတွက် လိုအပ်သည့် သက်စောင့်ဓာတ်တစ်မျိုးလည်းဖြစ်သည်။

**ကြေးနီဓာတ် (Copper)နှင့် ဖော့စဖရတ်ဓာတ် (Phosphate)များ ကြွယ်ဝစွာပါရှိခြင်း**

ကဏန်းတွင် ကြေးနီ (Copper) ဓာတ်နှင့် ဖော့စဖရတ်ဓာတ် (Phosphate) လည်း ပါဝင်ပြီး ကြေးနီဓာတ်မှာ သွေးနီဥ ဖွဲ့စည်းတည်ဆောက်ပုံအတွက် အရေးပါပြီး ဖော့စဖရတ်ဓာတ်မှာ ကျောက်ကပ်လုပ်ငန်းစဉ်၊ နှလုံးကြွက်သားနှင့် အစာခြေစနစ်အတွက် များများလိုအပ်သည့် ဓာတ်တစ်မျိုးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဈေးကွက်ဝင်ပြီး လူကြိုက်များသည့် ကဏန်းပျော့သည်သဘာဝအားဖြင့် ထူးခြားလှပြီး ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုသည်။ ထို့ပြင် မွေးမြူရေးတွင်လည်း အောင်မြင်လျက်ရှိပြီး ကဏန်းပျော့စွန့်ပစ်ပစ္စည်းများမှာလည်း အသုံးဝင်လှသည်။ ကဏန်းပျော့သည် အရသာ ထူးခြားကောင်းမွန်ရုံသာမက တစ်ကောင်လုံးလည်း စားသုံး၍ရသဖြင့် ပြည်တွင်းတွင်သာမက နိုင်ငံခြားဈေးကွက်ထိပါ တင်ပို့နေရသည့် တန်ဖိုးမြင့်ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**


(၁) **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)**

(၂) **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)**

(၃) **Fish Base of Myanmar**

(၄) **Inland Fisheries of Myanmar**


# ညောင်တုန်းမြို့နယ် အုတ်ဖိုကျေးရွာတွင် ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ညောင်တုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကညင်ကောက်ကြီးကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အုတ်ဖိုကျေးရွာတွင် လမ်းအရှည်ပေ ၉၆၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၈ သန်း စုစုပေါင်းငွေကျပ် ၁၉ ဒသမ ၅၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၂၂၇ စုမှ လူဦးရေ ၉၈၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍအတွက် ရာသီမရွေး အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်း မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက ပြောပြ၍ သိရသည်။

**ဘောဓာလင်း**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ၂၄ ပြည်ဝင် ပေါ်ဆန်းဆန်အိတ် ၅၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ပေါ်ဆန်းဆန်အိတ် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ပေါ်ဆန်းဆန်အိတ် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ဆီ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပေါ်ဆန်းဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်၊စပါးတွေကို ကုန်းလမ်းနဲ့ရေလမ်းကနေ အဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် ၁၀ အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် ရှမ်းကုန်းကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရှမ်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက ရှမ်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ရှမ်းကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၄၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

ခရီးသွားဆောင်းပါး

# အေးချမ်းသာယာသောခရီး

သက်နိုင်(ပြင်ဦးလွင်)

ခရီးတစ်ခုထွက်ဖို့အတွက် ပြီးခဲ့တဲ့အပတ်တွေကတည်းက ကြိုတင်စဉ်းစား စီစဉ်ထားခဲ့တာက လားရှိုးမြို့ကိုပါ။ မတွေ့ရတာကြာပြီဖြစ်တဲ့ ညီအစ်ကိုမောင်နှမတွေ၊ သူငယ်ချင်းတွေနဲ့ တွေ့ဆုံကြရအောင်နဲ့ ခရီးစဉ်မှာဖြတ်သန်းသွားရမဲ့ နောင်ချို၊ ကျောက်မဲ၊ သီပေါ စတဲ့မြို့တွေမှာရှိတဲ့ မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့လဲ တွေ့ဆုံစကားပြောလို့ရအောင် စီစဉ်ထားခဲ့တယ်။ ဒါပေမဲ့ မိမိက သူတို့ဆီကို မရောက်ခင် သူတို့က မိမိရှိရာကို ရောက်ရှိလာခဲ့ကြတာကြောင့် ခရီးအစီအစဉ်တွေ ပျက်သွားခဲ့ရသလို ကျောင်းပိတ်တဲ့အားလပ်ရက်တွေမှာ ခရီးမထွက်ရရင် မနေနိုင်တဲ့ မိမိအတွက် ခရီးစဉ်အသစ်တစ်ခုကို ထပ်မံရေးဆွဲ ထွက်လာခဲ့ရတော့တယ်။

ကျောင်းဖွင့်တဲ့နေ့ရက်တွေတိုင်း မနက်ငါးနာရီမှာ အိပ်ရာထ၊ မနက် ခြောက်နာရီကနေ ညရှစ်နာရီထိုးတဲ့အထိ စာသင်ခန်းတွေထဲမှာ ကျောင်းသား၊ ကျောင်းသူပေါင်းမြောက်မြားစွာကို နေ့စဉ်ရက်ဆက် စာသင်ပေးနေရတဲ့အလုပ်က ပင်ပန်းမှုတွေရှိသလို နေ့ရက်အချိန်တွေကြာလာတာနဲ့အမျှ ငြီးငွေ့မှုတွေလဲဖြစ်ပေါ်လာရတယ်။ ဒါကြောင့် ကျောင်းပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေရက်ကိုရောက်တိုင်း စိတ်လွတ်ကိုယ်လွတ် အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ဖြစ်စေနိုင်တဲ့ခရီးတွေကိုရွေးချယ်ပြီး အပန်းဖြေသဘောမျိုး ခရီးသွားလာနေရတယ်။ ဒီလိုစဉ်းစားရွေးချယ်တဲ့အခါမှာလဲ အခုလိုအချိန်၊ အခုလိုအခြေအနေမျိုးမှာ ဟိုမြို့သွားမရ၊ ဒီမြို့သွားမရနဲ့ နောက်ဆုံးတော့ အေးအေးချမ်းချမ်းသာသာယာယာရှိတဲ့ မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးရွာကို ထွက်လာခဲ့ရတော့တယ်။

ရွာခိုင်ကြီးရွာမှာရှိနေတဲ့ ငယ်သူငယ်ချင်း ကိုလှမြင့်နဲ့ မိသားစုဝင်တွေကလဲ ဘယ်အချိန်လာလာ၊ ဘယ်နှကြိမ်လာလာ ဝမ်းပန်းတသာနဲ့ ကြိုဆိုနေကြတဲ့အပြင် လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးကြတာတွေနဲ့ ရွာခိုင်ကြီးရွာဒေသပတ်ဝန်းကျင်မှာ သွားရောက်လေ့လာလည်ပတ်စရာနေရာတွေ အများအပြားရှိနေတာကြောင့်လဲ ခရီးစဉ်အသစ်တစ်ခုကို သွားရောက်ဖို့ စဉ်းစားလို့မရတဲ့အခါတိုင်း၊ အဆင်မပြေတဲ့အချိန်တိုင်းမှာ ရွာခိုင်ကြီးရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ရတော့တယ်။

လွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်၊ ၄၀ လောက်က ပြင်ဦးလွင်မြို့ကနေ ရွာခိုင်ကြီးရွာကိုလာမယ်ဆိုရင် ကားတစ်တန်၊ လှည်းတစ်တန် အဆင့်ဆင့် တစ်နေကုန်လာရောက်ခဲ့ရတဲ့ ပင်ပင်ပန်းပန်းခရီးကနေ အခုအချိန်မှာ လမ်းပန်းဆက်သွယ်ရေးတွေကလဲ တိုးတက်ကောင်းမွန်လာခဲ့သလို မိမိရဲ့ကားနဲ့ ကိုယ်တိုင်မောင်းနှင်ခဲ့ရတာကြောင့် အချိန်ကုန်သက်သာ၊ လူသက်သာဖြစ်နေရပါတယ်။ ဒီတစ်ခေါက်ခရီးမှာ မိမိနဲ့အတူ စာသင်ဖော်စာသင်ဖက်လဲဖြစ်၊ အရင်အခေါက်တွေ ရွာခိုင်ကြီးရွာကိုလာစဉ်တုန်းကလဲ အမြဲပါနေကျဖြစ်တဲ့ ဆရာသုထက်ကျော်နဲ့အတူ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ကတည်းက စတင်ထွက်ခွာလာခဲ့ကြတယ်။ အခု ကျောင်းပိတ်အားလပ်ရက်က အာဇာနည်နေ့၊ ဝါဆိုလပြည့်နေ့၊ တနင်္ဂနွေနေ့တွေ ဆက်တိုက်ဖြစ်နေတာကြောင့် အချိန်သုံးရက်ရနေတယ်။

ငယ်သူငယ်ချင်းနဲ့ မိသားစုတွေရှိတဲ့ ရွာခိုင်ကြီးကို သွားမယ်ဆိုတော့ ရွာကိုရောက်ရင် ပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်ကြဖို့အတွက် ထုံးစံအတိုင်း ဝယ်စရာရှိတာတွေကို ဝယ်ခဲ့ရတယ်။ အရင်အခေါက်တွေတုန်းက မာလာရှမ်းကော၊ မာလာမောက်ချိုက်၊ ပင်လယ်စာအကင်မျိုးစုံ၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော် စတာတွေကို ဝယ်ယူစားသောက်ခဲ့ကြပြီးပြီဖြစ်လို့ ဒီတစ်ခေါက်မှာ အသင့်ချက်မုန့်ဟင်းခါးထုပ်တွေနဲ့ မုန့်ဖတ်၊ အကြော်၊ ငရုတ်သီးမှုန့်၊ နံနံပင်၊ သံပရာသီး လိုအပ်တာမှန်သမျှကို ပြင်ဦးလွင်ကနေ တစ်ပါတည်းဝယ်ယူလာခဲ့ပါတယ်။ သူငယ်ချင်းမိသားစုကိုလဲ နေ့လယ်စာထမင်းဟင်းတွေချက်မထားနဲ့ ရွာကိုရောက်မှ မုန့်ဟင်းခါးစားကြရအောင်ဆိုပြီး ကြိုတင်ဖုန်းဆက် အကြောင်းကြားထားလိုက်တယ်။

ခရီးလမ်းကြောင်း မိုင်အနေအထားအရ ပြင်ဦးလွင်-မန္တလေး ၄၂ မိုင်၊ မန္တလေး-ကူမဲ မိုင် ၅၀၊ ကူမဲ-ရွာခိုင်ကြီး ၁၀ မိုင်ဖြစ်တာကြောင့် စုစုပေါင်း မိုင် ၁၀၂ ခရီးကို ကားမောင်းချိန် နှစ်နာရီလောက်အချိန်ယူ မောင်းနှင်လာခဲ့ရတယ်။ လိုအပ်တဲ့ စားသောက်စရာပစ္စည်းတွေဝယ်ယူအပြီး မနက် ၉ နာရီမှာ စတင်ထွက်ခွာလာတာ ၁၁ နာရီလောက်မှာ ရွာခိုင်ကြီးရွာကို



ရွာခိုင်ကြီးရွာအနီးရှိ ပုံ့သကူတောင်ကို တွေ့ရစဉ်။

ရောက်လာခဲ့ကြတယ်။ ဝယ်ယူလာခဲ့တဲ့ မုန့်ဟင်းခါးက အလွယ်တကူ အသင့်ချက်အထုပ်တွေဖြစ်နေလို့ ရောက်ရောက်ချင်းအချိန်တိုအတွင်းမှာ ပျော်ပျော်ပါးပါးဝိုင်းဖွဲ့စားသောက်နိုင်ခဲ့ကြတယ်။

မြစ်သားမြို့နယ် ကူမဲမြို့ဆိုတာက မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသအတွင်းမှာတည်ရှိနေပါတယ်။ ဒါပေမဲ့ မိမိတို့ရောက်ရှိသွားတဲ့ အာဇာနည်နေ့မှာ နေလည်းမပူ၊ မိုးလည်းမရွာ၊ မိုးလေးတအုံ့အုံ့နဲ့ နေလို့ထိုင်လို့ကောင်းတဲ့ ရာသီဥတုအခြေအနေလေး ဖြစ်နေတယ်။ ရွာခိုင်ကြီးရွာကို မိမိတို့သွားလာရောက်တတ်တဲ့အချိန်တွေကလဲ သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ရက်ကာလမျိုးတွေနဲ့ ဒီဇင်ဘာကျောင်းပိတ်ရက်လို အချိန်တွေဖြစ်နေတာကြောင့် ရာသီဥတုအပူဒဏ်ကို ထွေထွေထူးထူးမခံစားခဲ့ရပါဘူး။ မပူလွန်း၊ မအေးလွန်း သင့်တင့်မျှတတဲ့ရာသီဥတုကြောင့် အဆင်ပြေနေရတယ်။

ဒါပေမဲ့ ဒီတစ်ခေါက်လာကြတဲ့ခရီးစဉ်မှာ အရင်အခေါက်တွေတုန်းကလို တွေ့မြင်နေခဲ့ရတဲ့ မြင်ကွင်းမျိုးတွေမဟုတ်တော့ဘဲ ပြောင်းလဲနေတာကို သတိထားမိလိုက်တယ်။ အရင်အခေါက်တွေတုန်းက လမ်းတစ်လျှောက်မှာ စိမ်းစိမ်းစိုစိုတစ်မျိုး၊ ဝင်းဝင်းဝါဝါတစ်ဖုံ စပါးခင်းတွေမရှိကြတော့ဘဲ အခုမှစတင်စိုက်ပျိုးကြဖို့အတွက် ထွန်ယက်နေတာမျိုးတွေကိုသာ တွေ့မြင်နေကြရတယ်။ ရိတ်သိမ်းပြီးခါစ နှမ်းပင်တွေကို အစုလိုက်စည်းပြီး နေအိမ်တွေအနီး တလင်းပြင်တွေပေါ်မှာ ထိုးထိုးထောင်ထောင်နဲ့ နေလှန်းထားတာတွေကိုလဲ တွေ့မြင်ကြရပြန်တယ်။ ဒ့ါပြင် စိုက်ပြီးခါစ ငှက်ပျောခြံတွေ၊ ကွမ်းရွက်ခြံတွေ၊ သင်္ဘောပင်ပျိုတွေကလဲ ရွာမြင်ကွင်းတွေကို တစ်မျိုးတစ်ဖုံဖော်ညွှန်းပြသနေကြပြန်တယ်။ တစ်ခုထူးခြားနေတာက မြင်နေတွေ့နေကျ မြင်ကွင်းမျိုးမဟုတ်ဘဲ ပြောင်းလဲမြင်တွေ့နေရတဲ့ မြင်ကွင်းတစ်ခုရှိနေတယ်။ ဒါကတော့ သရက်ခြံကြီးတွေပါ။ သရက်ခြံကြီးတွေကို အရင်အခေါက်တွေတုန်းက အဖူးအပွင့်တွေ ဝေဝေဆာဆာ၊ အသီးကင်းစိမ်းစိမ်းတွေ မြိုင်မြိုင်ဆိုင်ဆိုင် တစ်ပင်လုံး၊ တစ်ခြံလုံးအိတ်စွပ်တွေ ကိုယ်စီနဲ့တွေ့မြင်နေရတယ်။ အခုမြင်ရတာကတော့ အကိုင်းတွေခုတ်ထားတဲ့ သရက်ပင်တွေဖြစ်တယ်။ ဒါကြောင့် မိမိရဲ့စိတ်ထဲမှာ သရက်စိုက်တောင်သူတွေ တွက်ခြေမကိုက်တော့လို့ အရှုံးပေါ်ကြလို့လား စသဖြင့် ဘာကြောင့်လဲဆိုတာမျိုးကို စဉ်းစားတွေးတောနေမိတယ်။

ဒါပေမဲ့ သူငယ်ချင်းရဲ့အိမ်ကို ရောက်ရှိစားသောက်အပြီး စကားစမြည်တွေပြောဆိုကြတဲ့အခါရောက်မှ သရက်ခြံကြီးတွေအကြောင်းကို တိတိကျကျသိခွင့်ရလိုက်တယ်။ ဒ့ါပြင် သရက်ခြံကြီးတွေက မိမိတွေးထင်ထားမိသလိုမဟုတ်ဘဲ အခြားအကြောင်းအရာတစ်ခုကြောင့်ဖြစ်နေပြန်တယ်။ ဒီဒေသ၊ ဒီဝန်းကျင်တစ်ဝိုက်မှာ သရက်ခြံကြီးတွေအများစုက နာမည်ကျော် စိန်တလုံးသရက်မျိုးတွေစိုက်ကြတယ်။ စိန်တလုံးသရက်သီးက ချိုမွှေးပြီး ထူးခြားတဲ့အရသာရှိနေသလို ပြည်တွင်း၊ ပြည်ပစားသုံးသူအားလုံးကလဲ နှစ်သက်ကြတယ်။ ဒါပေမဲ့ အခုအချိန်မှာ စိန်တလုံးသရက်သီးထက် ပိုမိုထူးခြားကောင်းမွန်တဲ့ သရက်သီးမျိုးတစ်ခု ထပ်မံပေါ်ပေါက်လာနေတယ်။ ထပ်မံပေါ်ထွက်လာတဲ့ သရက်သီးကို စားသုံးသူတွေက ပိုမိုကြိုက်နှစ်သက်ကြသလို ဈေးကောင်းရတယ်လို့လဲ ဆိုပါတယ်။

ဒါက အခြားမဟုတ်ဘဲ လက်ရှိခြံတွေထဲမှာ စိုက်ပျိုးထားတဲ့ စိန်တလုံးသရက်ကိုင်းတွေကို ခုတ်ပစ်လိုက်ပြီး ပတ္တမြားငမောက် သရက်ကိုင်းတွေနဲ့ ဆက်လိုက်ကြတာပါ။ ဒီလိုဆက်လိုက်တဲ့အခါ အောက်ပိုင်းပင်စည်က စိန်တလုံးသရက်မျိုး၊ အပေါ်ပိုင်းအကိုင်းအခက်တွေက ပတ္တမြားငမောက်သရက်မျိုးတွေဖြစ်သွားကြပြီး အသီးတွေသီးကြတဲ့အခါ စိန်တလုံးနှင့် ပတ္တမြားငမောက်သရက် နှစ်မျိုးစပ်သရက်အသီး မျိုးသစ်ဖြစ်ပေါ်လာခဲ့တယ်။ ထပ်မံဖြစ်ပေါ်လာတဲ့သရက်မျိုးသစ်က စိန်တလုံးသရက်လို ချိုမွှေးပြီး ပတ္တမြားငမောက်သရက်လို အလုံးကြီး၊ အလုံးလှဖြစ်ကြောင်း သိလိုက်ရတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ နည်းပညာတွေဖွံ့ဖြိုးတိုးတက်လာသလို သီးနှံအသစ်၊ အမျိုးအမည်အသစ်၊ အရသာအသစ်၊ ပုံသဏ္ဌာန်အသစ်၊ အရောင်အသွေးအသစ် စတဲ့ အသစ်ပေါင်းများစွာ ဖြစ်ပေါ်နေကြရပါပြီ။ သစ်တော်သီးနဲ့ ပန်းသီးပေါင်းပြီး ပန်းသစ်တော် စတဲ့ ရောနှောပေါင်းစပ်ထားတဲ့အသီးမျိုးတွေ၊ ကီလိုမာလကာသီး၊ ထိုင်ဝမ်သင်္ဘောသီး၊ ယိုးဒယားပိန္နဲသီး၊ ဂျပန်စတော်ဘယ်ရီသီး၊ ပျားလိမ္မော်၊ သကြားပြောင်း စတဲ့ အသီးအနှံမျိုးစုံကိုလည်း ဈေးကွက်အတွင်းမှာ တွေ့မြင်ဝယ်ယူစားသောက်နေကြရတယ်။

သရက်ပင်ခုတ်တာတွေနဲ့ပတ်သက်ပြီး သိမြင်သွားခဲ့ရပေမဲ့ ရှင်းရှင်းလင်းလင်းသိချင်ပြန်တဲ့ မေးခွန်းတစ်ခုကို ထပ်မံစုံစမ်းမေးမြန်းမိလိုက်တယ်။ ဒါကတော့ စိန်တလုံးသရက်ပင်တစ်ပင်မှာ အပင်ရဲ့အကိုင်းတစ်ဝက်ကိုခုတ် ပတ္တမြားငမောက်ကိုင်းတွေနဲ့ဆက်ပြီး အသီးအသစ်တစ်မျိုး ထပ်မံပေါ်ပေါက်သီးပွင့်လာခဲ့ပေမဲ့ မခုတ်ဘဲချန်ထားခဲ့တဲ့အပိုင်းမှာ ဘာသရက်မျိုးသီးနိုင်မလဲဆိုပြီး မေးကြည့်တော့ သူငယ်ချင်းက စိန်တလုံးသရက်သာ သီးမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားပေးတယ်။ နောက်ထပ်တစ်ခါ ဒီလိုကိုင်းတွေဆက်လိုက်တဲ့အခါ အပွင့်တွေပွင့်၊ အသီးတွေသီးဖို့ နှစ်ဘယ်လောက်ကြာစောင့်ရမလဲဆိုတော့ ပထမနှစ်မှာတင်ပဲ အပွင့်အသီးတွေရရှိမှာဖြစ်ပြီး ဒုတိယနှစ်၊ တတိယနှစ်တွေကစပြီး အောင်မြင်ကောင်းမွန်တဲ့အသီးအဆင့်တွေကို ရောက်ရှိလာမှာဖြစ်ကြောင်း သိရှိလိုက်ရပြန်တယ်။ သူငယ်ချင်းဖြစ်သူက ရှေ့နှစ်သရက်သီးပေါ်ချိန်မှာ ကိုင်းဆက်ထားတဲ့ သရက်မျိုးသစ်ကို ပေးပို့လိုက်မယ်ဆိုတာကြောင့် စားကြရအုံးမှာပါ။

အခုထွက်ရှိလာတဲ့ ခရီးအစီအစဉ်က ရွာခိုင်ကြီးရွာအနီးဝန်းကျင်မှာရှိနေပြီး မသွားရ၊ မရောက်ရ၊ မလေ့လာရသေးတဲ့ နေရာအသစ်တွေကို သွားရောက်လေ့လာလည်ပတ်ကြမှာဖြစ်ပါတယ်။ သူငယ်ချင်းဖြစ်သူရဲ့ ပြောပြချက်အရ ပုံ့သကူတောင်၊ မီးကျည်တောင်၊ ကျွဲခြံတောင်၊ သစ်ခမောက်တောင်၊ ဝတ်လဲတောင်၊ ဖိုးအင်ဂူ၊ ငှက်ချီးတွင်း၊ ခွေးတောက်ရေ စတဲ့နေရာဒေသတွေဖြစ်ကြောင်း သိလိုက်ရတယ်။ ဒီဒေသတွေကို မိမိတို့လေ့လာလည်ပတ်ခြင်းမရှိသေးပါဘူး။ ဒ့ါပြင် ရွာခိုင်ကြီးရွာရဲ့အနီးတစ်ဝိုက်ဒေသ တောင်ကြီးတစ်တောင်ပေါ်မှာ ထီးလှိုင်ဆိုတဲ့ ထူးထူးခြားခြားရွာလေးတစ်ရွာရှိနေသေးတယ်။ ဒီရွာလေးမှာ နေထိုင်ကြတဲ့ ရွာသူ၊ ရွာသားတွေက မိမိတို့နေ့စဉ်စားသောက်ကြဖို့အတွက် တစ်နပ်၊ နှစ်နပ်စာ၊ တစ်ရက်စာ စားသောက်ဖွယ်ရာ ရိက္ခာလေးတွေကိုသာ ရွာတည်ရှိနေတဲ့တောင်ပေါ်ကို ထမ်းတင်ယူဆောင်သွားကြပြီး ချက်ပြုတ်စားသောက်လေ့ရှိကြတယ်။ သူတို့မှာ တစ်ပတ်စာ၊ တစ်လစာဆိုပြီး ကြိုတင်ဝယ်ယူစုဆောင်းထားတဲ့ စားနပ်ရိက္ခာတွေမရှိကြဘဲ တစ်နေ့စာအတွက်ကိုသာ ရှာဖွေယူဆောင် စားသောက်လေ့ရှိကြတယ်။ သူငယ်ချင်းဖြစ်သူက ထီးလှိုင်ရွာကိုသွားရောက်လေ့လာလည်ပတ်မယ်ဆိုရင် တောင်ပေါ်ရောက်တဲ့အထိ ခြေလျင်တောလမ်းခရီးအတိုင်း သွားရောက်ကြရမှာဖြစ်သလို စားဖို့သောက်ဖို့စားနပ်ရိက္ခာတွေကိုလဲ ကိုယ်တိုင်ထမ်းပိုးသယ်ယူသွားကြရမှာဖြစ်ကြောင်း ပြောပြတယ်။ ထီးလှိုင်ရွာကိုတော့ နောက်တစ်ခေါက် အလျဉ်းသင့်မှသွားရောက်လေ့လာပါတော့မယ်။

ဒီတစ်ခေါက် ခရီးစဉ်အဖြစ် ပုံ့သကူတောင်၊ မီးကျည်တောင်၊ ကျွဲခြံတောင်နဲ့ ခွေးတောက်ရေတွေရှိရာကို သွားရောက်လေ့လာလည်ပတ်ကြဖို့ ရွေးချယ်ထားလိုက်ကြတယ်။ ဒါပေမဲ့ ရောက်ရောက်ချင်းနေ့ဖြစ်တဲ့ အာဇာနည်နေ့မှာ ဘယ်မှမသွားတော့ဘဲ အေးအေးဆေးဆေး စားရင်းသောက်ရင်းအနားယူကြပြီးမှ နောက်တစ်နေ့ ဝါဆိုလပြည့်နေ့မှာ ခရီးစဉ်တွေအတိုင်း တစ်ခုပြီးတစ်ခု ဆက်လက်သွားရောက်ကြမှာပါ။ ဒီနေ့ထွက်လာခဲ့တဲ့ ခရီးကတော့ အေးချမ်းသာယာတဲ့ ခရီးစဉ်ပဲဖြစ်ပါတယ်။

# စနေညကစားမဲ့ အိုလံပစ် ဘောလုံးပြိုင်ပွဲအုပ်စုအဆင့်မှာ နိုင်ပွဲရှာရမဲ့ အာဂျင်တီးနား၊ ပါရာဂွေးနဲ့ အီဂျစ်အသင်းတို့ကို အားပေးရမှာပါ

ML



စနေညမှာ အိုလံပစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွေကို ကျင်းပမှာဖြစ်လို့ အကြိတ်အနယ်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အိုလံပစ်ဘောလုံးပြိုင်ပွဲ အမျိုးသားပွဲစဉ်ဟာ အသက်ကန့်သတ်ချက်ရှိတာကြောင့် အလွတ်တန်းပြိုင်ပွဲတွေလောက် ထိပ်တန်းအဆင့်ကစားသမားတွေ ပါဝင်နိုင်မှုမရှိပေမဲ့ ပရိသတ်စိတ်ဝင်စားမှုများတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ အမျိုးသားဘောလုံးပြိုင်ပွဲဟာ အသက် ၂၃ နှစ်အောက် ကစားသမားတွေသာ ကစားခွင့်ရပြီး အသင်းတစ်သင်းမှာ သက်ကြီးကစားသမား သုံးဦးစီခေါ်ယူခွင့်ရတာဖြစ်လို့ လူငယ်မျိုးဆက်သစ်ကစားသမားတွေ ပိုင်ဆိုင်ထားတဲ့ နိုင်ငံအသင်းတွေက ဆုတံဆိပ်ရရှိဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် အိုလံပစ်ပြိုင်ပွဲမှာတော့ တောင်အမေရိကဇုန်က ဘရာဇီးအသင်း ဆုဖလားရခဲ့ပေမဲ့ ဒီနှစ်မှာတော့ ဥရောပအသင်းတွေဖြစ်တဲ့ စပိန်နဲ့ပြင်သစ်အသင်းတို့ ဆုဖလားရဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ လာမဲ့စနေညမှာတော့ အစဉ်အလာကောင်းပြီး အုပ်စုကကျော်ဖြတ်ဖို့ နိုင်ပွဲရှာရမဲ့အသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

### အာဂျင်တီးနားအသင်း အနိုင်ရမှာပါ

၂၀၂၄ ခုနှစ် အိုလံပစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အာဂျင်တီးနားနဲ့ အီရတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ တောင်အမေရိကဇုန် အိုလံပစ်ခြေစစ်ပွဲ နောက်ဆုံးအဆင့်မှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ ပါရာဂွေးအသင်းတို့နဲ့ ကစားခဲ့ရပြီး အုပ်စုဒုတိယနေရာနဲ့ ဝင်ခွင့်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ အသင်းကို နည်းပြမာရှီယာနို ဦးဆောင်လာပြီး သက်ကြီးကစားသမားအဖြစ် အော့တမန်ဒီ၊ အယ်ဗာရက်ဇ်၊ ဂိုးသမားရူလီ တို့ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စု(B)မှာ မော်ရိုကို၊ အီရတ်၊ ယူကရိန်းအသင်းတို့နဲ့ ကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်မှာ မော်ရိုကိုအသင်းနဲ့ ကစားခဲ့ရာမှာ နှစ်ဂိုး၊တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ မော်ရိုကိုအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှု အသာနဲ့ကစားနိုင်ခဲ့ပေမဲ့ မော်ရိုကိုအသင်းရဲ့ ခံစစ်ကစားပုံကျစ်လစ်မှုနဲ့ ဂိုးသမားမူနီယာတို့ရဲ့ လက်စွမ်းပြကာကွယ်မှုတို့ကြောင့် ချေပဂိုးတစ်ဂိုးပဲ သွင်းယူနိုင်ခဲ့လို့ နှစ်ဂိုး၊ တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အီရတ်အသင်းကို မဖြစ်မနေအနိုင်ကစားနိုင်မှ အုပ်စုအဆင့်က ကျော်ဖြတ်နိုင်မှာဖြစ်လို့ အာဂျင်တီးနားအသင်းအနေနဲ့ ရေကုန်ရေခန်းကစားရမှာပါ။

အီရတ်အသင်းဟာ အခုနှစ် အာရှ ယူ-၂၃ ပြိုင်ပွဲမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ ဆော်ဒီအာရေဗျ၊ တာဂျစ်ကစ္စတန်၊ ထိုင်းအသင်းတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ အုပ်စုပထမနဲ့ ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီး ဗီယက်နမ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ ဂျပန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့လို့ တတိယနေရာလုပွဲသာကစားခဲ့ရပြီး တတိယနေရာလုပွဲမှာ အင်ဒိုနီးရှားအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရခဲ့လို့ အိုလံပစ်ပြိုင်ပွဲ ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အာရှအဆင့်မှာ ခြေစွမ်းပိုင်းထက်မြက်တယ်ဆိုပေမဲ့ အခုအုပ်စုမှာတော့ အာဂျင်တီးနား၊ မော်ရိုကိုအသင်းတို့နဲ့ယှဉ်ရင် အားနည်းနေတာကိုသတိပြုရမှာပါ။ အုပ်စုအဖွင့်ပွဲမှာ ယူကရိန်းအသင်းနဲ့ ကစားခဲ့ရာမှာ ခံစစ်အသားပေးကစားခဲ့ရပေမဲ့ တန်ပြန်တိုက်စစ်ကနေ ဂိုးတွေရခဲ့တာကြောင့် ယူကရိန်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အိုလံပစ်ပြိုင်ပွဲအတွေ့အကြုံရှိပြီး ကစားသမားတစ်ဦးချင်း စွမ်းဆောင်ရည်ကောင်းတဲ့ အာဂျင်တီးနားအသင်းနဲ့ ကစားရမှာဖြစ်လို့ အီရတ်အသင်း ဂိုးပြတ်မရှုံးဖို့သာ ပြင်ဆင်လာရမှာပါ။။ ဒါကြောင့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ အာဂျင်တီးနားအသင်း အနိုင်ရမှာပါ။

**အီရတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီရတ် | ၁ | - | ၀ | အင်ဒိုနီးရှား |
| အီရတ် | ၀ | - | ၀ | ဒိန်းမတ် |
| ဘရာဇီး | ၀ | - | ၀ | အီရတ် |
| တောင်အာဖရိက | ၁ | - | ၁ | အီရတ် |
| အီရတ် | ၂ | - | ၁ | ယူကရိန်း |

**အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၁ | - | ၁ | ဟွန်ဒူးရပ်စ် |
| အာဂျင်တီးနား | ၀ | - | ၂ | နယူးဇီလန် |
| အီဂျစ် | ၀ | - | ၁ | အာဂျင်တီးနား |
| စပိန် | ၁ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၂ | မော်ရိုကို |

### ပါရာဂွေးအသင်းကိုရွေးချယ်ရမှာပါ

အိုလံပစ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အစ္စရေးအသင်းနဲ့ ပါရာဂွေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အစ္စရေးအသင်းဟာ အိုလံပစ်ပြိုင်ပွဲ အုပ်စု(D)မှာ ဂျပန်၊ မာလီ၊ ပါရာဂွေးအသင်းတို့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၂၃ ခုနှစ် ယူ-၂၁ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာကြောင့် အိုလံပစ်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းနဲ့ တွေ့ဆုံခဲ့ရာမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမဲ့ အင်္ဂလန်အသင်းက ပြိုင်ပွဲမှာ ပါဝင်နိုင်ခြင်းမရှိတာကြောင့် အစ္စရေးအသင်းက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသွားခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ နိုင်ငံအတွင်းကစားနေတဲ့ ကလပ်အသင်းတွေက ကစားသမားတွေနဲ့ စုဖွဲ့ထားပေမဲ့ အသင်းလိုက်ကစားအားကောင်းနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ကစားပုံ လိုအပ်ချက်ရှိနေတာကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ပါရာဂွေးလိုအသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ အိုလံပစ်ပြိုင်ပွဲသမိုင်းမှာ အောင်မြင်မှုမရခဲ့ဘဲ ပါရာဂွေးအသင်းနဲ့ယှဉ်ရင် အတွေ့အကြုံအားနည်းနေတာကိုတွေ့ရမှာပါ။

ပါရာဂွေးအသင်းဟာ အိုလံပစ်ပြိုင်ပွဲ ခြေစစ်ပွဲမှာ ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံရရှိခဲ့ပြီး နောက်ဆုံးအုပ်စုအဆင့်မှာ အာဂျင်တီးနား၊ ဗင်နီဇွဲလား၊ ဘရာဇီးအသင်းတို့ကိုကျော်ဖြတ်ပြီး အုပ်စုပထမနဲ့ ဝင်ခွင့်ရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းကို ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ လူငယ်တွေနဲ့ စုဖွဲ့ထားတာကြောင့် အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ပိုင်းထက်မြက်နေတာကို တွေ့ရမှာပါ။ အဖွင့်ပွဲမှာတော့ ဂျပန်အသင်းနဲ့ကစားခဲ့ရာမှာ ပွဲချိန် ၁၉ မိနစ်မှာ ဦးဆောင်ဂိုးခွင့်ပြုလိုက်ရသလို ပွဲချိန် ၂၅ မိနစ်မှာ ကွင်းလယ်ကစားသမား ဗီအဲရာ အနီကတ်နဲ့ ထွက်ခွာခဲ့ရတာကြောင့် လက်ကျန်ပွဲချိန်တွေမှာ ချေပဂိုးပြန်မသွင်းနိုင်တော့ဘဲ လေးဂိုးထိပေးခဲ့ရလို့ ငါးဂိုးပြတ်နဲ့ ရှုံးပွဲကြုံသွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရမှသာ အုပ်စုကကျော်ဖြတ်ဖို့ အခွင့်အရေးရှိမှာဖြစ်လို့ အစ္စရေးလိုအသင်းကို နိုင်ပွဲရရှိအောင် ကြိုးတင်ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းကလဲ အိုလံပစ်သမိုင်းမှာ ဗိုလ်လုပွဲ တစ်ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ဒုတိယတစ်ကြိမ်ရခဲ့တာကြောင့် အစ္စရေးအသင်းနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းမှာ အသာရနေတဲ့ ပါရာဂွေးအသင်းကို ရွေးချယ်ရမှာပါ။

**အစ္စရေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၀ | အစ္စရေး |
| အစ္စရေး | ၁ | - | ၀ | ချက် |
| အစ္စရေး | ၁ | - | ၀ | ဂျော်ဂျီယာ |
| အစ္စရေး | ၃ | - | ၀ | အင်္ဂလန် |
| အစ္စရေး | ၁ | - | ၁ | မာလီ |

**ပါရာဂွေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာလီ | ၁ | - | ၃ | ပါရာဂွေး |
| ဂျပန် | ၁ | - | ၂ | ပါရာဂွေး |
| ပါရာဂွေး | ၀ | - | ၄ | အင်္ဂလန် |
| ပေါ်တူဂီ | ၃ | - | ၀ | ပါရာဂွေး |
| ဂျပန် | ၁ | - | ၀ | ပါရာဂွေး |

### အီဂျစ်အသင်းနဲ့လက်တွဲရမှာပါ

အိုလံပစ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်မှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ဥဇဘက်ကစ္စတန်နဲ့ အီဂျစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဥဇဘတ်ကစ္စတန်အသင်းဟာ ယခုနှစ် အာရှ ယူ-၂၃ ပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကြောင့် ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာ ဂျပန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိနဲ့ ရှုံးခဲ့လို့ ဒုတိယနဲ့သာကျေနပ်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အာရှဇုန်ကနေ အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ရောက်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိုလံပစ်ပြိုင်ပွဲ အုပ်စု(C) မှာ စပိန်၊ ဒိုမီနီကန်၊ အီဂျစ်အသင်းတို့နဲ့တွေ့ဆုံခဲ့တာကို တွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာ စပိန်အသင်းကို အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ခဲ့ပေမဲ့ ပွဲချိန်ကြာလာတာနဲ့ စပိန်အသင်းရဲ့တိုက်စစ်ကို မထိန်းနိုင်တော့တာကြောင့် ပွဲပြီးဆုံးချိန်မှာ နှစ်ဂိုး၊ တစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ ဥဇဘက်ကစ္စတန်အသင်းအတွက် နိုင်ပွဲရမှ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိပေမဲ့ ပြိုင်ဘက်အသင်းက အီဂျစ်အသင်းလို ကစားပုံမာကျောတဲ့အသင်းနဲ့ တွေ့ဆုံနေတာကြောင့် အခက်တွေ့မှာသေချာပါတယ်။ သူတို့အသင်းဟာ အာရှဖလားပြိုင်ပွဲမှာအောင်မြင်မှုရခဲ့ပေမဲ့ အိုလံပစ်ပြိုင်ပွဲမှာတော့ အောင်မြင်မှုမရသေးတာကို တွေ့ရမှာပါ။

အီဂျစ်အသင်းဟာ ၂၀၂၃ ခုနှစ် ယူ-၂၃ အာဖရိကဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲထိတက်ရောက်ခဲ့တာကြောင့် အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းပေမဲ့ အသင်းလိုက်ကစားအားနဲ့ ယှဉ်ပြိုင်လိုစိတ်ပြင်းထန်တာကြောင့် အဓိကပြိုင်ပွဲတွေမှာ အဆင့်တစ်ခုထိရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းကိုတော့ နိုင်ငံအတွင်းကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားအများစုနဲ့ စုဖွဲ့ထားလို့ တိုက်စစ်ပိုင်းအားနည်းချက်ရှိနေပေမဲ့ ခံစစ်ကစားပုံကတော့ တည်ငြိမ်နေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ ဒိုမီနီကန်လို ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းနဲ့ ကစားခဲ့ရပေမဲ့ တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့လို့ သရေတစ်မှတ်သာရခဲ့ပြီး အခုပွဲစဉ်မှာ နိုင်ပွဲရမှသာ အုပ်စုက ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲဆက်မှာ ခံစစ်ပိုင်းက ပေးဂိုးနှစ်ဂိုးသာရှိခဲ့တာကြောင့် ဥဇဘက်ကစ္စတန်လိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုနဲ့ ခံစစ်ကစားပုံကောင်းနေတဲ့ အီဂျစ်အသင်းနဲ့ လက်တွဲရမှာပါ။

**ဥဇဘက်ကစ္စတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဥဇဘက်ကစ္စတန် | ၂ | - | ၀ | အင်ဒိုနီးရှား |
| ဥဇဘက်ကစ္စတန် | ၂ | - | ၁ | ဆော်ဒီအာရေဗျ |
| တောင်ကိုရီးယား | ၂ | - | ၁ | ဥဇဘက်ကစ္စတန် |
| ဥဇဘက်ကစ္စတန် | ၄ | - | ၀ | ဟောင်ကောင် |
| ဥဇဘက်ကစ္စတန် | ၁ | - | ၂ | စပိန် |

**အီဂျစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီဂျစ် | ၀ | - | ၀ | စပိန် |
| အီဂျစ် | ၀ | - | ၁ | အာဂျင်တီးနား |
| နယူးဇီလန် | ၀ | - | ၂ | အီဂျစ် |
| ဘရာဇီး | ၁ | - | ၀ | အီဂျစ် |
| အီဂျစ် | ၀ | - | ၀ | ဒိုမီနီကန် |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၅-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၀၆။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ချိုချိုမိသားစုကောင်းမှု | ၅၅၀၀၀၀ |
| ၉၄၀၇။ | ဦးနိုင်စောလွင်နှင့်ဇနီး ဒေါ်ခင်အေးမော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၈။ | ဦးစိုးမိုးနိုင်နှင့်ဇနီး ဒေါ်ရီရီစန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၀၉။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်သောင်း၊ (သား)မောင်ဉာဏ်လင်းအောင်၊ မောင်ထက်လင်းအောင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၄၁၀။ | ဒေါ်နီနီအေးမိသားစုကောင်းမှု | ၁၁၁၁၀၀ |
| ၉၄၁၁။ | မဆုရည်လှိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၂။ | ကွယ်လွန်သူဦးသန်းထွန်းအားရည်စူး၍ ဒေါ်လှမြင့်၊ သား/ မြေးတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၃။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၁၄။ | ကိုနေလင်းထွန်းနှင့်ဇနီး မစိုးစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၅။ | ကိုဟိန်းဇော်နှင့်ဇနီး မနီနီရွှေ (သား)မောင်အေးချမ်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၆။ | ကွယ်လွန်သူဦးအောင်သိန်းနှင့် ဒေါ်ခင်ကြွယ်ဦး၊ ဦးမောင်မောင်လွင်တို့အားရည်စူး၍ ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်စန်းမွန်၊ (သမီး)မဝေမွန်အောင်မြင့်၊ (သား)မောင်ရန်နိုင်အောင်မြင့်၊ (မြေး)မသီရိဝေမွန်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၈။ | ကိုမင်းမင်းလတ်နှင့်ဇနီး ဒေါ်သီသီဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၁၉။ | ဦးမောင်ဦးနှင့်ဇနီး ဒေါ်တင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၀။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်တင်တင်လွင်၊ ဒေါက်တာခြူးမျက်ချယ်၊ မယွန်းမျက်သွယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၁။ | ကွယ်လွန်သူဦးမြင့်သိန်းအားရည်စူး၍ ဒေါ်စန်းစန်းဝင်းနှင့် သား/ သမီး/မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၂။ | ကွယ်လွန်သူဦးဝင်းမောင်နှင့် ဒေါ်မြင့်မြင့်သိန်းတို့အား ရည်စူး၍ မဥမ္မာမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၃။ | ဗိုလ်မှူးကြီးမြတ်ကိုဝင်းနှင့်ဇနီး ဒေါ်ဝင့်ဝါဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၄။ | ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်တင်တင်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၂၅။ | ဦးနေမျိုးဝင်းနှင့် ဦးသော်ဇင်ဦးမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၄၂၆။ | ဒေါ်ခင်ခင်အေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၇။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ငွေးငွေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၈။ | ဦးကွမ်းခေးနှင့်ဇနီး ဒေါ်ကျူးမိန်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၄၂၉။ | ဗိုလ်ကြီးညိမ်းဝေထွန်းနှင့်ဇနီး ဒေါ်နေခြည်ထွေး၊ (သား)မောင်လင်းသန့်ထွန်း၊ မောင်မင်းခန့်ကို မိသားစုကောင်းမှု | ၅၆၀၀၀ |
| ၉၄၃၀။ | ကွယ်လွန်သူဦးစန်းမောင်နှင့်ဇနီး ဒေါ်ဝင်းရီတို့အား ရည်စူး၍ ကိုကျော်သီဟနှင့်ဇနီး မခိုင်သဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၁။ | ဦးကြီးမြင့်နှင့်ဇနီး ဒေါ်စိန်စိန်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၂။ | ဦးသောင်းစိုးနှင့်ဇနီး ဒေါ်လှဝင်းတင့်၊ (သမီး)မမြတ်သီဂီစံ၊ မနှင်းယုယုစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၃။ | ကွယ်လွန်သူဖခင်ကြီးဦးသိန်းရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၄။ | ကိုနေထက်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၅။ | ဦးကြည်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၆။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိန်မြအောင် နှင့်ဇနီး ဒေါ်လှလှဝင်း၊ သား/သမီးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၇။ | ဒေါ်တင်ကြီးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၈။ | ဦးတင်ကြိုင်၊ ဒေါ်ခင်မြိုင်၊ (မြေး)မောင်ခန့်ထက်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၃၉။ | ကိုဇော်လှိုင်ဦးနှင့်ဇနီး ဒေါ်မာမာစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၀။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်စောမွန်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၁။ | ဦးသူရအောင်နှင့်ဇနီး ဒေါ်ရည်မင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၂။ | ဗိုလ်ချုပ်ကျော်ရွှေထွန်းနှင့်ဇနီး ဒေါ်ဥမ္မာဝင်း၊ (သား)မောင်ဆက်မြတ်ထွန်း၊ (သမီး)မဖြူသီရိကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၃။ | ဆရာလေးဒေါ်ပုည မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၄။ | ဦးတင်အေးနှင့်ဇနီး ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၅။ | ကိုအာကာမင်းနှင့်ဇနီး မနန်းမြလေးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၆။ | မနီလာလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၇။ | မသင်းသင်းအေး(ခ)မကြည်ကြည်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၈။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်ကျော့ကျော့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၄၉။ | ဦးဝင်းကျော်နှင့်ဇနီး ဒေါ်အေးအေးဝင်း၊ (သား)မောင်ဝန်းရံလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၀။ | ဦးအောင်ကိုဝင်းကြည်နှင့်ဇနီး ဒေါက်တာခင်နွယ်ကြည်၊ (သား)မောင်ကြည်အုန်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၁။ | ကွယ်လွန်သူဦးသောင်းငြိမ်းအားရည်စူး၍ ဒေါ်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၂။ | ဦးဆက်ပိုင်ထွန်းနှင့်ဇနီး ဒေါ်ပိုးအိအိအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၃။ | ကွယ်လွန်သူဒေါ်နန်းသန်းစိန်အားရည်စူး၍ ဦးလှအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၄။ | ဦးမျိုးဇော်သိန်း၊ ဦးရန်မျိုးနိုင်၊ ဦးအောင်မင်းနှင့် ဦးအုံ့ပေါ်ဦးကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၅။ | ဦးမြင့်သိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၆။ | ကွယ်လွန်သူဒုတိယအရာခံဗိုလ်တိုင်းကျော်(ငြိမ်း)နှင့် မောင်နေဝင်းကျော်တို့အားရည်စူး၍ ဒေါ်လှသန်း၊ (သား)မောင်အောင်ဆန်းကျော်ကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၇။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဒေါ်ဆွေဆွေမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၈။ | ဦးထွန်းလင်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၅၉။ | ကွယ်လွန်သူဦးလှသိန်းအားရည်စူး၍ ဒေါ်ခင်ပြုံးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သုရသီဟကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မသက်ဦးမေ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းမင်းနိုင် ဖြစ်ပါကြောင်း။

**ဦးမင်းမင်းနိုင်(၉/ခမစ(နိုင်)၀၃၀၀၇၂)**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက် ၂၉၈ နေ ဦးမျိုးမင်းသန့် (ဘ) ဦးသိန်းထွန်း (၉/မဟမ(နိုင်)၀၁၂၉၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၅၄၂၂၉၈၄၈**

## အမည်မှန်

စစ်ကိုင်းမြို့၊ နန္ဒဝန်တိုက်နယ် ချင်းစုရပ်ကွက်၊ မြတ်ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော ဒေါ်လေးသက်ထား ၏သား မောင်နေယံလင်းထက် ၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မောင်နေယံလင်း ဖြစ်ပါကြောင်း။ **မောင်နေယံလင်း**

**(၅/စကန(နိုင်)၃၃၈၈၃၉)**

## စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် လှုံ့တော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်မည်

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု၊ ရှားတောလေးရွာအနီး၊ မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူသော စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ဘက်စုံပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေတိဂုံပုံတူ ကွမ်းတောင်တော်တို့အား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရွှေဆေး၊ ဆီဆေး၊ ရေဆေးများ ကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အနေဖြင့် ရခဲလှစွာသော လူ့ဘဝကိုရရှိခိုက် ကြုံခဲလှစွာသော သာသနာပြုကုသိုလ်ထူးကို အရယူလှူဒါန်းပူဇော်နိုင်ကြစေရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

**ဂေါပကအဖွဲ့ရုံးဖုန်းနံပါတ် - ၀၉-၇၅၇၇၆၈၄၄၃**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာသုခ နီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

❖ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ အနေဖြင့် ဖက်ဒရယ်ဟူသည့် စကားရပ်ကို သိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ပိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်း ဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်းပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁☆



၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ရေ၊လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများ၊စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့်လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများက သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြစဉ်။

အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေပြီး အရှက်သိက္ခာကင်းမဲ့စွာ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် "မောင်လေးစုပ်"တေးသီချင်းဗီဒီယို၏စီစဉ်သူ ဒါရိုက်တာ ရွှေလက်အောင်မင်းနှင့် အမျိုးသား၊အမျိုးသမီးများအား ညစ်ညမ်းမေးခွန်းများကို လိုက်လံမေးမြန်း၍ လူမှုကွန်ရက်စာမျက်နှာများ၌ ထုတ်လွှင့်ပြသသူ Nyein Chan Htet Aung အပါအဝင် သက်ဆိုင်သူတို့ကို ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၂၁

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။